# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၈)


## လက်တွေ့ မျက်မြင် ပြောင်းလဲတိုးတက်ခဲ့

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီ လက်တွဲပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့တိုင်းပြည်၏ အခြေအနေ အရပ်ရပ်မှာ ၁၉၈၈ခုနှစ် အခြေအနေနှင့် မတူတော့ဘဲ လက်တွေ့ မျက်မြင် ပြောင်းလဲတိုးတက်ခဲ့ပြီးဖြစ်။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

❋ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

❋ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





## ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားကို ခိုင်ခိုင်မာမာ ဆက်လက်ရယူ အမျိုးသားရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ဦးတည်ချက်များနှင့်အညီ လုပ်ဆောင် တိုးတက်ပြောင်းလဲနေသော ခေတ်ကြီးနှင့်အညီ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးမှုများဖြင့် မိမိတို့ကိုယ်ကို ပြုစုပျိုးထောင်နေရန် လိုအပ်

## တိုင်းပြည်နှင့်ဒေသအပေါ် စေတနာထားပြီး ပြည်သူများနှင့် တစ်သားတည်းနေထိုင်ဆက်ဆံ

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ဧရာဝတီတိုင်း ပုသိမ်မြို့သို့ရောက်ရှိသည်။

***စာမျက်နှာ ၈ ကော်လံ ၁*** ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

# တိုင်းရင်းဆေးပညာ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည့် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ စုံညီစွာ စုစည်းပေါင်းဆုံလျက်မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ထွန်းကားပြန့်ပွားရေး၊ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက် ကျယ်ပြန့်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့ အတွက် ပညာရပ်များ ဆွေးနွေးဖလှယ် နိုင်ကြခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာလောကအတွက်သာမက နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ ထူးခြားကောင်းမွန်သည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေမည် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ်ဖြင့် လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးအပြည့်အဝ စောင့်ရှောက်မှုပေးနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ်ဖြင့် လည်းကောင်း အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက် တိုးတက်ထွန်းကားစေရန် အလေးထားအားပေး စောင့်ရှောက်နေသည်။

ယခုအခါ နိုင်ငံတော်အစိုးရက အားပေးချီးမြှောက်လျက်ရှိသည့်အလျောက် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပြန်လည်မြင့်မား တောက်ပြောင်လာမှု၊ တိုင်းရင်းသား ပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပိုမိုယုံကြည်အားထားကိုးစားလာမှု၊ ကျစ်လျစ်သိပ်သည်း ခိုင်မာသည့် မြန်မာ့တိုင်းရင်း ဆေးဆရာအသင်းကြီးပေါ်ထွန်းလာမှု၊ ခေတ်မီ တိုင်းရင်းဆေးဝါးလုပ်ငန်းကြီးများ အောင်မြင်ဖြစ်ထွန်းနေမှု၊ အဆင့်မြင့် မြန်မာ့တိုင်းရင်းဆေးရုံကြီးများ၊ မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်နှင့် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ပေါ်ထွန်းလာမှုစသည့် အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းလျက် ရှိနေပြီဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်များ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးမှ တစ်ဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## သာပေါင်းမြို့ တောင်ညိုတောင် စက်မှုကုန်ကြမ်းဝါးစိုက်ကွင်းများ ဝန်ကြီးဦးအောင်သောင်းကြည့်ရှု တစ်အုပ်တစ်မတိုးချဲ့စိုက်ပျိုးရေး မှာကြား

ရန်ကုန် နိုဝင်ဘာ ၂၆

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ၂၄ရက်က ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ်မှ တောင်ညိုကျေးရွာသို့ရောက်ရှိပြီး တောင်ညိုတောင်ပေါ်ရှိ ရှေးဟောင်းဘုရားများကို ကြည့်ညိုသည်။**

### တစ်အုပ်တစ်မစိုက်ပျိုး

ထို့နောက် တောင်ညိုတောင် အပေါ်မှ သာပေါင်း မြို့နယ် ဒေသ စက်မှုကုန်ကြမ်းသီးနှံ ဝါးစိုက်ကွင်း ဧက ၃၅၀၀ ကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် စက်ရုံစုမှူး ဦးသိန်းဝင်းတို့က စက်မှုကုန်ကြမ်း သီးနှံစိုက်ကွင်း တည်နေရာပြ မြေပုံများဖြင့် ရှင်းလင်း တင်ပြရာ ဝန်ကြီးက စက်မှုကုန်ကြမ်းသီးနှံ ဝါးစိုက်ကွင်းများ အပြင် သစ်ပျော့ဖတ်ထုတ်လုပ်ရာ၌ အသုံးဝင်သော မန်ဂျန်ရှားပင်များ၊ ယူကလစ် စိုက်ခင်းများစသည့် စက်မှုကုန်ကြမ်း သစ်တော စိုက်ခင်းများကို မြေလွတ်မြေရိုင်းများ၌ တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနမြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းသည် မြန်မာပြည်၌ အကြီးဆုံးစက်ရုံဖြစ်သော စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)အား ဖွင့်လှစ်ပြီး ဝါးပျော့ဖတ်များ ထုတ်လုပ်လျက်ရှိသည်။ အဆိုပါ စက်ရုံ အတွက် လိုအပ်သော စက်မှုကုန်ကြမ်း ဝါးပင်များကို ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်များမှ ကုန်ထုတ် လမ်းများဖောက်လုပ်ပြီး ကုန်းလမ်းခရီးဖြင့် လည်းကောင်း၊ ငဝန်မြစ်ကြော တစ်လျှောက် ဝါးဖောင်ဖွဲ့၍ လည်းကောင်း စက်ရုံသို့ နေ့စဉ်ပို့ဆောင်လျက်ရှိသည်။ ထို့ပြင် ဝါးကုန်ကြမ်းများ ပြတ်လပ်မှုမရှိရန် ဝါးစိုက်ကွင်းများ၊ သစ်စိုက်ကွင်းများကိုလည်း စီမံချက်များချမှတ်၍ နိုင်ငံတော် စိုက်ကွင်းအဖြစ် တစ်အုပ်တစ်မ စိုက်ပျိုးလျက်ရှိရာ တောင်ညိုဒေသ၌ ဝါးစိုက်ကွင်း ဧက ၃၅၀၀၊ မောင်ဘိ ဒေသ၌ ဧက ၁၀၀၊ ငါးသိုင်းချောင်း ဒေသ၌ စိုက်ခင်း ဧက၁၅၀၀ စိုက်ပျိုးပြီး ဘဏ္ဍာနှစ်အလိုက်စက်မှုကုန်ကြမ်းသီးနှံဝါးစိုက်ခင်းများ၊ သစ်စိုက်ခင်းများကို တစ်အုပ်တစ်မတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

### သတင်းစာစက္ကူစက်ရုံစီမံကိန်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)အနီး ငဝန်မြစ်အနောက်ဘက်ခြမ်း၌ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းမှအကောင်အထည်ဖော်လျက်ရှိသော တစ်နေ့တန် ၆၀ သတင်းစာစက္ကူ စက်ရုံစီမံကိန်းသို့ ရောက်ရှိသည်။

### ရှင်းလင်းတင်ပြ

ဝန်ကြီးသည် စက်ရုံ စီမံကိန်း တည်ဆောက်မည့် မြေနေရာအား စက်ရုံတည်နေရာပြမြေပုံဖြင့် တိုက်ဆိုင်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ စက်ရုံစုမှူး ဦးသိန်းဝင်း တို့က ပင်မအဆောက်အအုံနှင့် ဆက်စပ် အဆောက်အအုံများ တည်ဆောက်မည့် နေရာ၊ စက်ရုံမှ လိုအပ်မည့်ရေအား ငဝန်မြစ်မှ သွယ်ယူမည့် အစီအမံများ၊ ရေဆိုး သန့်စင်ကန်များတည်ဆောက်မည့် အခြေအနေ၊ သန့်စင်ပြီးရေဆိုးများအား စွန့်ပစ်မည့် အစီအမံများကို မြေပုံများဖြင့် ရှင်းလင်း တင်ပြသည်။

### ဘက်စုံထောင့်စုံမှလေ့လာ

ဝန်ကြီးက စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် စက်ရုံရေရှည်တည်တံ့ခိုင်မြဲရေးကို အဓိကထား၍ မြို့ပြဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များတပ်ဆင်မှုလုပ်ငန်းများ၌ ဘက်စုံထောင့်စုံမှ လေ့လာသုံးသပ်၍ ဆောင်ရွက်သွားရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း) ဝင်းအတွင်းရှိ ပျိုးဥယျာဉ် အမှတ်(၁)သို့ ရောက်ရှိပြီး စက်မှုကုန်ကြမ်းသီးနှံ မန်ဂျန်ရှားပျိုးပင် တစ်သိန်းလေးသောင်း၊ ပျိုးအိတ် စုစုပေါင်း လေးသိန်းသုံးသောင်း၊ စုစုပေါင်း မန်ဂျန်ရှားပျိုးပင် ငါးသိန်းခုနစ်သောင်းတို့၏ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် စက္ကူ နှင့်ပျော့ဖတ် စက်ရုံ (သာပေါင်း)သို့ ရောက်ရှိပြီး Electrolyte Circulation Tank ကို လည်းကောင်း၊ အရောင်ချွတ်ဆေး ကလိုရင်းဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှုကို လည်းကောင်း၊ ဓာတ်ဆားပြန်ထုတ်စက်ရုံ Recovery Plant ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၇-၁၁-၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ် ချိုနှားဝင်
၇း၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ မိုးလေဝသသတင်း
၆း၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၂၂)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒု-တွဲ) (အပိုင်း-၂)

## ပဲခူးမြို့ လယ်တီတရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပဲခူးမြို့ မဇင်းရပ် ခေါင်းရင်းတော်ကျောင်းတိုက် ဆရာတော်ကြီး အရှင်ဥာဏောဘာသ၏ မေတ္တာရိပ်ကို ခိုလှုံကာ လယ်တီမူ အနာဂါမ်ဆရာ သက်ကြီးနည်း ကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းနှင့် တပည့်ကမ္မဋ္ဌာနာစရိယများ ပြသမည့် ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဒေါက်တာမောင်မောင်မြင့် ဖုန်း-၂၁၅၄၅ နှင့် ဦးနေအောင် ဖုန်း - ၂၃၆၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



## ဆုချီးမြှင့်

**ဗဟန်းမြို့နယ် အမက(၂၁) ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရ မဝဒီထွန်းနိုင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းစန်းဝင်းက ဆုချီးမြှင့်စဉ်။**

(က-ပ)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဝါးနက်ချောင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်လှစ်ပေး

**ကြည့်ရှုစစ်ဆေး**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်သည်တော်များ ဝါးနက်ချောင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ရန်ကုန် နိုဝင်ဘာ ၂၆

**ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီက အဆိုပါဆေးရုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ဆေးရုံအဆောက်အအုံသစ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဆေးရုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့က ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆေးရုံအဆောက်အအုံသစ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့က ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

## ဦးစားပေးဆောင်ရွက်

ထို့နောက် အခမ်းအနားကို ဆေးရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အစိုးရက ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍပိုမိုမြင့်မားတိုးတက်စေရေးအတွက် အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကျေးလက်နေ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

## ဝိုင်းဝန်းထိန်းသိမ်း

ယခုကဲ့သို့ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခင်ကထက် ပိုမိုပြည့်စုံစွာ ဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်ကြောင်းနှင့် တိုက်နယ် ဆေးရုံ ရေရှည်တည်တံ့နိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူးက ဆေးရုံ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၂၅သိန်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

## ဆေးပဒေသာပင်ငွေစိုက်ထူ

ဆက်လက်၍ ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းအတွက် Naing Group ဆောက်လုပ်ရေးက ငွေကျပ် ၃၈၆ သိန်း၊ ဆေးရုံဆေးပဒေသာပင်အတွက် Shine Hope Co., က ငွေကျပ် ၂၅သိန်းနှင့် Naing Group ဆောက်လုပ်ရေးက ငွေကျပ် ၁၆သိန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း မီးခံကျောက်ပြားစက်ရုံမှ ဝန်ထမ်းများက ဆေးရုံခုတင် ၁၀လုံးအတွက် ငွေကျပ် ၁၀သိန်း အပါအဝင် အလှူရှင်များက ဆေးပဒေသာပင်ငွေများ စိုက်ထူလှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လက်ခံကြသည်။

## လွှဲပြောင်းပေးအပ်

ထို့နောက် Naing Group ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက ဆေးရုံအဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒေသခံ ပြည်သူများကိုယ်စား ဝါးနက်ချောင်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝါးနက်ချောင်း တိုက်နယ်ဆေးရုံသည် အလျား ၁၂၈ပေ၊ အနံ ၁၁၈ ပေရှိသည့် R.C တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဆေးရုံ၌ ခွဲစိတ်ခန်းနှစ်ခန်း၊ သားဖွားခန်းတစ်ခန်း၊ လူနာဆောင်နှစ်ခု၊ ဓာတ်မှန်ခန်းတစ်ခန်း၊ ဆေးသိုလှောင်ခန်းတစ်ခန်း၊ ဓာတ်ခွဲခန်းတစ်ခန်းနှင့် ပြင်ပလူနာဌာနတို့ ပါရှိသည်။ အဆိုပါဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးငွေ ကျပ် ၉၈၆သိန်း၊ Naing Group ဆောက်လုပ်ရေးက လှူဒါန်းငွေကျပ် ၃၈၆ သိန်းနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆေးရုံခြံစည်းရိုး ကာရံရန်အတွက် လှူဒါန်းငွေကျပ် ၂၅သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၁၃၉၇ သိန်းကျော်အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်ကုန်ကလေးဆေးရုံကြီးသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ရန်ကုန်ကလေးဆေးရုံကြီးဝင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)



ရန်ကုန် နိုဝင်ဘာ ၂၆

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲ၊ ကြက်ဆူပင်စိုက်ပျိုးပွဲ၊ သွေးလှူဒါန်းပွဲနှင့် ငွေပဒေသာပင် စိုက်ထူပွဲများကို ယနေ့နံနက် ၆နာရီခွဲက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။**

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ ချစ်ကိုတင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန်ကလေးဆေးရုံကြီးဝင်းအတွင်း လုပ်ကွက်(ခြောက်ကွက်)ခွဲကာ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် ကလေးဆေးရုံကြီးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ၂၅၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုပြီး မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ကြက်ဆူပင်များ အမှတ်တရ စိုက်ပျိုးပေးကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကုန် ကလေးဆေးရုံကြီး သွေးလှူဘဏ်သို့ သွားရောက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင် ၄၀ စုပေါင်းသွေးလှူဒါန်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရန်ကုန်ကလေးဆေးရုံကြီးသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အမျိုးသမီးရေးရာအဖွဲ့ချုပ်ကချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့် အနေဖြင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆေးရုံပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်အားပေးပွဲနှင့် အလှူငွေပေးအပ်ပွဲတို့ကို ၂၀၀၅ခုနှစ် နိုဝင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုရန်ကုန်ကလေးဆေးရုံကြီးအပါအဝင် ဆေးရုံ ၁၄ရုံရှိခဲ့ပြီး ဖြစ်ကြောင်း၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

## ငွေပဒေသာပင်စိုက်ထူ

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီးအတွက် ငွေပဒေသာပင်များကို စိုက်ထူလှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါပါး(စန္ဒီပရဆေးဆိုင်)က ငွေကျပ်သုံးသိန်းသုံးထောင်၊ ဦးရဲအောင်၊ ဒေါ်လှဲ့လှဲ့ဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီ)က ငွေကျပ်နှစ်သိန်းခြောက်ထောင်၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)၊ ဒေါ်သိန်းဆိုင် (မမြလေးမိသားစု)က ငွေကျပ်တစ်သိန်း၊ သုခစုစံမိသားစုကုမ္ပဏီ၊ ဘုရင့်နောင်ပွဲရုံသာယာရေးကော်မတီ၊ ဆိပ်ကမ်းမြို့နယ် ဦးသိန်းထွန်း(ကုန်သည်)နှင့် ကမာရွတ်မြို့နယ် ဦးမျိုးဆွေ၊ ဒေါ်မြရှင်(ပုလဲရတနာရောင်းဝယ်ရေး)က ငွေကျပ်နှစ်သိန်းစီ၊ ဦးအောင်သန်းဦး (ဥက္ကဋ္ဌ)မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း၊ ဦးတင်ဝင်း(ဥက္ကဋ္ဌ)မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဦးလှအောင်-ဒေါ်သိင်္ဂီနိုင်(ရွှေနဂါးဘုရင်နံ့သာဖြူအမွှေးတိုင်လုပ်ငန်း)၊ ဇဟန်းမြို့နယ် ဦးအောင်သန်းမြင့်(စူပါပါဝါကုမ္ပဏီ)၊ သျှင်ပါကူ အထူးကုဆေးခန်း၊ လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဦးခင်မောင်အေး၊ ဦးသန်းအောင် (၉)ရပ်ကွက် အင်းစိန်မြို့နယ်၊ ဦးတင်ဦး ဒေါ်လှမြင့်(ရွှေစင်ရတနာ ရွှေဆိုင်)၊ သီဟသုမ္မမဏိ ဇောတဇေ ဦးချင့်စိန်-ဒေါ်မြငြိမ်း(အောင်သိန်းသစ်ဆိုင်)၊ အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ဦးမောင်မြင့် အတွင်းရေးမှူး မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း၊ ဒေါ်မေသန်းနွယ် (သိင်္ဂီရွှေရည်ဓာတ်ပုံတိုက်)၊ ပါမောက္ခ ဒေါက်တာ ဒေါ်မြမြအုန်း၊ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဝင်းသန်း၊ ဦးသူရိန်မြင့်၊ ဒေါ်စန္ဒာတင်ထွန်းနှင့် နှင်းဆီဆေးဆိုင်တို့က အလှူငွေကျပ်တစ်သိန်း စီ အပါအဝင် အလှူရှင် ၃၇ ဦးတို့က ငွေကျပ် ၄၅၅၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်၊ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ ချစ်ကိုတင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဒေါ်အေးမြမိုး တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးကျော်စိုးက အမှိုက်ပုံးနှင့် အမှိုက်အိတ်များ လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

## ကျေးဇူးတင်စကားပြောကြား

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်က ရန်ကုန်ကလေးဆေးရုံကြီး ဝန်ထမ်းများ၏ အသင်းဝင် အဆိုပြုလွှာအစောင်၂၀၀ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တရုတ်သမ္မတ ပါကစ္စတန်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၆

**တရုတ်သမ္မတဟူကျင်တောင်သည် ချစ်ကြည်ရေးအလည်အပတ်ခရီးအဖြစ် ပါကစ္စတန်နိုင်ငံသို့ နိုဝင်ဘာ ၂၃ရက်က ရောက်ရှိလာသည်။** (အပေါ်ပုံ)

ဟူသည် စီးပွားရေးတိုးချဲ့လုပ်ကိုင်ရေး၊ ယုံကြည်မှုများ တည်ဆောက်ရေးနှင့် နယ်စပ်ပြဿနာ အငြင်းပွားမှုများ ဖြေရှင်းရာတွင် အရှိန်မြှင့်လုပ်ဆောင်ရေးအတွက် အိန္ဒိယနိုင်ငံမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်။

**ကြိုဆို**

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်သည် သမ္မတဟူအား လေဆိပ်၌ကြိုဆိုနှုတ်ဆက်ခဲ့ပြီး သေနတ် ၂၁ချက် ပစ်ဖောက်၍ ဂုဏ်ပြုကြိုဆိုခဲ့သည်။ အစ္စလမ္မာဘတ်မြို့တော် အဝင်လမ်းမကြီးတစ်လျှောက် ဝဲယာတွင် ပါကစ္စတန်ပြည်သူများက အလံများဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

**လာရောက်**

ဟူသည် ဆယ်စုနှစ်တစ်စုအတွင်း တရုတ်သမ္မတအနေဖြင့် ပထမဆုံးအကြိမ် ပါကစ္စတန်သို့ လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချုပ်ဆို**

သမ္မတဟူ၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရန် ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

# တောင်ကိုရီးယားနှင့်ယူကရိန်း လေကြောင်းဆိုင်ရာ သဘောတူစာချုပ်

**ဆိုးလ် နိုဝင်ဘာ ၂၆**

တောင်ကိုရီးယားနှင့် ယူကရိန်း နှစ်နိုင်ငံအကြား လေကြောင်း ခရီးသွားလာမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုတို့ အဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးစာချုပ်ကို နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုးကြောင်း ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက ကြေညာသည်။

**သဘောတူ**

ယင်းသဘောတူစာချုပ်အရ ဆိုးလ်မြို့နှင့် ကီယက်မြို့အကြား ရက်သတ္တပတ်လျှင် လေကြောင်းခရီးစဉ် ခုနစ်ကြိမ်အထိ ပျံသန်းရန်နှင့် လာမည့်နှစ်များအတွင်း ခေါက်ရေတဖြည်းဖြည်းတိုးမြှင့်ရန် သဘောတူလိုက်ကြသည်။

ယခုအခြေအနေတွင် တောင်ကိုရီးယားနှင့် ယူကရိန်းနိုင်ငံတို့အနေဖြင့် တိုက်ရိုက်လေကြောင်း ခရီးစဉ်မရှိကြောင်း သိရသည်။

**ဖြည့်ဆည်းပေး**

နှစ်နိုင်ငံအနေဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အနာဂတ်တွင် လေယာဉ်ခရီးစဉ်များ တိုးချဲ့ရန်လိုအပ်လာလျှင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် လေယာဉ်ကုမ္ပဏီများ၏ စည်းမျဉ်း၊ စည်းကမ်းများ ညှိနှိုင်းရန်လည်း သဘောတူလိုက်ကြသည်။

ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ အနေဖြင့် အလားတူ တရုတ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်လည်း သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တောင်အာဖရိကနှင့် ကနေဒါ ဖွံ့ဖြိုးရေးဆိုင်ရာသဘောတူစာချုပ်

**ဂျိုဟန်နစ္စဘတ် နိုဝင်ဘာ ၂၆**

တောင်အာဖရိနှင့် ကနေဒါ နှစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို မကြာမီက ချုပ်ဆိုလိုက်သည်ဖြစ်ကြောင်း တောင်အာဖရိကအစိုးရက နိုဝင်ဘာ ၂၄ရက်က သတင်းထုတ်ပြန်သည်။

ထိုသို့ သဘောတူညီချက်တွင် အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီးယူနှင့်ရုရှား ထိပ်သီးအစည်းအဝေး ရင်းနှီးပွင့်လင်းမှုရှိကြောင်း ချီးကျူးပြောကြား

ဟယ်ဆင်ကီး နိုဝင်ဘာ ၂၆

**ဥရောပသမဂ္ဂ(အီးယူ) ခေါင်းဆောင်များနှင့် ရုရှားခေါင်းဆောင်တို့က ၎င်းတို့၏ (၁၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးမှာ ရင်းနှီးပွင့်လင်းမှုရှိကြောင်း ဟယ်ဆင်ကီးမြို့၌ နိုဝင်ဘာ၂၄ရက်က ချီးကျူးပြောကြားလိုက်ပြီးနောက် နယ်ပယ်အားလုံးတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြရေး သဘောတူညီလိုက်ကြသည်။**

ထိပ်သီးအစည်းအဝေးအပြီး ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဖင်လန်ဝန်ကြီးချုပ်နှင့် လက်ရှိ အီးယူသဘာပတိမက်တီဗန်ဟာနေကထိပ်သီးအစည်းအဝေး ပွင့်လင်းကြောင်း ထုတ်ဖော်ချီးကျူးလိုက်ခြင်းဖြစ်သည်။

**လမ်းဖွင့်ပေး**

ရုရှားသမ္မတ ဗလာဒီမာပူတင် အပါအဝင် အခြားသော ခေါင်းဆောင်များကလည်း အီးယူသဘာပတိ နည်းတူ ထိပ်သီး အစည်းအဝေးကို ချီးကျူးပြောဆိုကြပြီး စီးပွားရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုကဲ့သို့သော နယ်ပယ်များတွင်လည်း ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဤထိပ်သီးအစည်းအဝေးက လမ်းဖွင့်ပေးလိုက်ပြီဖြစ်ကြောင်းထည့်သွင်းပြောဆိုကြသည်။

**ဆွေးနွေး**

စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု၊ လူ့အခွင့်အရေးနှင့် အပြုသဘော ဆက်ဆံရေး နယ်ပယ်တွင် ဥပဒေစိုးမိုးရေးကဲ့သို့သော အကြောင်းအရာစုံကိုလည်း ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးကြသည်။ မဟာဗျူဟာလက်တွဲဆောင်ရွက်ရေးအတွက်အခြေခံတစ်ရပ်အဖြစ် ပြည်သူအချင်းချင်း တိုက်ရိုက်ဆက်ဆံရေး၏ အရေးပါမှုကိုလည်း အီးယူနှင့်ရုရှားတို့က မီးမောင်းထိုးပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# ဟောင်ကောင်၌ ဓာတ်ခဲဟောင်းများ ကောက်ယူစုဆောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်ဟုဆို

**ဟောင်ကောင် နိုဝင်ဘာ ၂၆**

ဟောင်ကောင်၌လွန်ခဲ့သော ၁၉လက ပြန်လည်အားသွင်းအသုံးပြုနိုင်သော ဓာတ်ခဲများ ကောက်ယူစုဆောင်းခဲ့ရာ တန်ချိန်၂၈တန်ကျော်ရရှိကြောင်း၊ ထိုသို့ ကောက်ယူ စုဆောင်းနိုင်သဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ခဲ့ကြောင်း ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ အစိုးရက ဟောင်ကောင်၌ နိုဝင်ဘာ ၂၃ရက်တွင် ပြောကြားလိုက်သည်။

**စုဆောင်း**

ဟောင်ကောင်၌ ၂၀၀၅ခုနှစ် မတ်လက အဆိုပါပြန်လည်အားသွင်းနိုင်သော ဓာတ်ခဲများစတင်၍ ပထမဆုံးနှစ်အဖြစ် ကောက်ယူစုဆောင်းခဲ့ရာ တန်ချိန် ၁၃တန် စုဆောင်းမိကြောင်း ယင်းဒေသအစိုးရ၏ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဦးစီးဌာန တာဝန်ရှိသူ လောရင့်ဝမ်က ပြောကြားသည်။

အဆိုပါဓာတ်ခဲများကို ကိုရီးယားသမ္မတနိုင်ငံသို့ ပြန်လည်အသုံးချရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ဟောင်ကောင်က တင်ပို့ခဲ့ကြောင်း ထိုအစီအစဉ်၏ ပထမဆုံး နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## စက်ဘီးကို ပါးစပ်ဖြင့် ကိုက်ပြီး မပြသူ



**စက်ဘီးတစ်စီးကို ပါးစပ်ဖြင့် ကိုက်ပြီးမပြသူ တစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် အသက်(၇၁)နှစ်အရွယ်ရှိ တရုတ်အမျိုးသားကြီးတစ်ဦးက စက်ဘီးတစ်စီးကို ပါးစပ်ဖြင့် ကိုက်ကာ လေထဲ၌ စက်ဘီးကို အချိန်ကြာမြင့်စွာ ပြသခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

# ကက်ဆာ ၂၁၂ လေယာဉ်အစိတ်အပိုင်းများ အင်ဒိုနီးရှား ထုတ်လုပ်ပေးမည်

**ဂျကာတာ နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံမှ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သည့် ပီတီဒိုင်ရာဂျင်တာရာအနေဖြင့် စပိန်အခြေစိုက် ကက်ဆာကုမ္ပဏီ၏ကက်ဆာ ၂၁၂-၄၀၀ လေယာဉ်များ၏တောင်ပံအစိတ်အပိုင်းများကို လာမည့်၂၀၀၇ ခုနှစ်မှစတင်ကာ ထုတ်လုပ်ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ နိုဝင်ဘာ၂၃ရက်၌ ပြောကြားသည်။ ပီတီဒိုင်ရာဂျင်တာရာနှင့် ကက်ဆာကုမ္ပဏီတို့အကြား သဘောတူညီမှုစာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ပီတီဒိုင်ရာဂျင်တာရာလုပ်ငန်း ဥက္ကဋ္ဌ မိုဟာမက်မိုချာဂျန်က ပြောကြားသည်။

ပီတီဒိုင်ရာဂျင်တာရာလုပ်ငန်းသည် အင်ဒိုနီးရှားနိုင်ငံပိုင် လေယာဉ်လုပ်ငန်းတစ်ခုဖြစ်ပြီး ကက်ဆာကုမ္ပဏီထံမှ ဘရာဇီးနိုင်ငံကမှာယူထားသော ကက်ဆာ ၂၁၂-၄၀၀ လေယာဉ်အစင်း၅၀အတွက် လေယာဉ်အစိတ်အပိုင်းများကို ထုတ်လုပ်ပေးရမည်ဖြစ်သည်။ မိမိတို့အနေဖြင့် ကုန်ပစ္စည်းများထုတ်လုပ်ရေးအတွက် စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း၊ အပြီးသတ်စာချုပ် ချုပ်ဆိုပြီးနောက်ပိုင်း လေယာဉ်အစိတ်အပိုင်းများ အပြည့်အဝ ထုတ်ပေးတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# အဆိပ်ပြင်း မြွေများအား ပါးစပ်အတွင်း ထည့်ပြသူ

**အဆိပ်ပြင်းသော မြွေများအား ပါးစပ်အတွင်း ထည့်သွင်းပြနေသူ အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တရုတ်အမျိုးသမီးတစ်ဦးက အဆိပ်ပြင်းသော မြွေနှစ်ကောင်ကို ပါးစပ်အတွင်း ထည့်သွင်းပြသခဲ့ကြောင်း သိရသည်။ ထိုအမျိုးသမီးသည် အဆိပ်ပြင်းသော မြွေနှစ်ကောင်၏ ဦးခေါင်းနှစ်ခုလုံးကိုပါးစပ်အတွင်း ထည့်သွင်းပြခဲ့ခြင်း ဖြစ်သည်။

**(အင်တာနက်)**

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

## စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သော ထူးခြားသတင်းများမှ အချို့ကို မြန်မာ့အလင်း ပရိသတ်အတွက် စုစည်း၍ ဖော်ပြလိုက်ပါသည်။

**နိုဝင်ဘာ ၂၀ ရက်** – အီရန်နိုင်ငံသည် နောက်ထပ်သုံးလအတွင်း နျူကလီးယားပိုင်ဆိုင်သောနိုင်ငံအဖြစ် ကြေညာနိုင်တော့မည်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒိန်ရတ်က ပြောကြားလိုက်သည်။ ထို့အပြင် ကီလိုမီတာ ၂၀၀၀ကျော်အထိ ပစ်ခတ်နိုင်သော ဒုံးပျံများပိုင်ဆိုင်ထားပြီး အပျော်တမ်းတပ်ဖွဲ့ဝင် ၁၁သန်းရှိနေကြောင်း ၎င်းကကြေညာသည်။

– တရုတ်နိုင်ငံက ကမ္ဘာပေါ်တွင် အကြီးမားဆုံး အနုကြည့်မှန်ပြောင်းတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ၎င်းအနုကြည့်မှန်ပြောင်းကြီးသည် လက်ရှိကမ္ဘာပေါ်တွင် အကြီးမားဆုံးမှန်ပြောင်းထက် ၁၀ဆပိုပြီးကြီးမားကြောင်း သိရသည်။

**နိုဝင်ဘာ ၂၁ ရက်** – ပိုလန်နိုင်ငံမြို့တော် ဝါဆော၏ အနောက်တောင်ဘက် ကီလိုမီတာ၃၀၀အကွာခန့်တွင်ရှိသော သတ္တုမိုင်းတွင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းတွင်း၌ အလုပ်လုပ်နေကြသော မိုင်းလုပ်သား၃၁ဦး သေဆုံးခဲ့ရသည်။ ၎င်းအရေအတွက်မှာ မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးရမှုတွင် အများဆုံးဖြစ်ကြောင်း သိရသည်။

– တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့က အထူးဝင်ရောက်နေထိုင်ခွင့် ဗီဇာသက်တမ်းကို ခြောက်လအထိ တိုးမြှင့်ပေးရန် သဘောတူညီလိုက်ပြီး ခံစားခွင့်ရှိသူများမှာ စီးပွားရေးလုပ်ငန်းရှင်များနှင့် မိသားစုများကို ခွင့်ပြုပေးမည်ဖြစ်ပြီး အလုပ်လုပ်ခွင့်ကို ငါးနှစ်အထိ လုပ်ကိုင်ခွင့်ပြုရန် စီစဉ်ထားကြောင်း သိရသည်။

**နိုဝင်ဘာ ၂၂ ရက်** – ဆိုနီကုမ္ပဏီက ၂၀၀၃ ခုနှစ် စက်တင်ဘာနှင့် ၂၀၀၅ခုနှစ် ဇန်နဝါရီအထိ တစ်ကမ္ဘာလုံးသို့ ရောင်းချခဲ့သော ဆိုနီ ဒီဂျစ်တယ် ကင်မရာများကို ဈေးကွက်မှ ပြန်သိမ်းယူလျက်ရှိသည်။ ထိုကာလအတွင်း တစ်ကမ္ဘာလုံး ကင်မရာရောင်းချရမှုမှာ ကင်မရာအလုံးရေ ၁၀သန်းခန့် ရှိကြောင်း သိရပြီး ချို့ယွင်းမှုမှာ ဘက်ထရီနှင့် ပုံထွက်မကောင်းမှု တို့ ဖြစ်ကြောင်း ပြောကြားသည်။



**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆိုနီကုမ္ပဏီထုတ် ကင်မရာများကို ပြသနေစဉ်။** (၂၀၀၃ခုနှစ် စက်တင်ဘာမှ ၂၀၀၅ခုနှစ် ဇန်နဝါရီလအတွင်းထုတ်လုပ်ခဲ့သော ဆိုနီဒီဂျစ်တယ်ကင်မရာများကို ဘက်ထရီချွတ်ယွင်းမှုနှင့် ပုံထွက်မကောင်းမှုကြောင့် ဈေးကွက်မှ ပြန်သိမ်းယူလျက်ရှိသည်)။ **(ဓာတ်ပုံ–အင်တာနက်)**

– အင်ဒိုနီးရှား နိုင်ငံတွင် ပထမဆုံး နျူကလီးယား စွမ်းအင်သုံး စက်ရုံ တည်ဆောက်ရေးအတွက် ရုရှားနိုင်ငံက အမေရိကန် ဒေါ်လာ တစ်ဘီလီယံ အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**နိုဝင်ဘာ ၂၃ ရက်** – ပြင်သစ်နိုင်ငံ ပါရီမြို့မှ အိုင်ဗရီကို့စ်နိုင်ငံသို့ ခရီးသည်၄၂ဦး တင်ဆောင်ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းမှာ လေယာဉ်ပေါ်တွင် ဗုံးပါရှိသည်ဟူသော ခြိမ်းခြောက်မှုတစ်ရပ်ကြောင့် မာဆေးလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ခရီးသည်များကို အလျင်အမြန် ရွှေ့ပြောင်းပေးပြီး လေယာဉ်ပေါ်တွင် ရှာဖွေမှုများပြုလုပ်ခဲ့ရာ တစ်စုံတစ်ရာ သံသယဖြစ်ဖွယ်မတွေ့ရကြောင်း သိရသည်။

– တရုတ်နိုင်ငံ ဂန်ဆုပြည်နယ်အနောက်မြောက်ပိုင်းတွင် ကမ္ဘာပေါ်၌ အကြီးမားဆုံး နေရောင်ခြည်စွမ်းအင်စက်ရုံတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ထိုနေရောင်ခြည်စွမ်းအင်စက်ရုံကို အမေရိကန်ဒေါ်လာ သန်း၇၆၆ အကုန်အကျခံကာ ငါးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

**နိုဝင်ဘာ ၂၄ ရက်** – မလေးရှားနိုင်ငံသည် လာမည့် ၂၀၁၀ပြည့်နှစ်၌ ကမ္ဘာပေါ်တွင် ကိုကိုးအများဆုံး ထုတ်လုပ်တင်ပို့သော နိုင်ငံဖြစ်လာတော့မည်ဟု မလေးရှားမီဒီယာများက ဖော်ပြလိုက်သည်။ လောလောဆယ်တွင် ပြည်ပသို့ ကိုကိုးတန်ချိန် ၃၆၀၀၀၀ တင်ပို့ရေး ဆောင်ရွက်လျက်ရှိရာ အာရှတွင် ကိုကိုးအများဆုံးတင်ပို့သော နိုင်ငံဖြစ်ပြီး ကမ္ဘာတွင် စတုတ္ထမြောက် အများဆုံးတင်ပို့သော နိုင်ငံဖြစ်သည်။

– ဗီယက်နမ်နိုင်ငံသည် ၂၀၁၀နှင့် ၂၀၂၀ပြည့်နှစ်အကြား ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက သတင်းထုတ်ပြန်လိုက်သည်။



တရုတ်နိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာပေါ်တွင် အရှည်ဆုံးတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

**နိုဝင်ဘာ ၂၅ ရက်** – ကမ္ဘာပေါ်တွင် အရှည်ဆုံးမြစ်ကူးတံတားကို တရုတ်နိုင်ငံ ကျဲကျင်းပြည်နယ် နန်ဘိုမြို့နှင့် ရှန်ဟိုင်းမြို့အကြား ဟန်ကျူ့ပင်လယ်အော်ကိုဖြတ်ကာ တည်ဆောက်လျက်ရှိပြီး ၂၀၀၈ခုနှစ် ဇွန်လတွင် ပြီးစီးဖွင့်လှစ်နိုင်မည်ဟု တရုတ်အစိုးရက သတင်းထုတ်ပြန်သည်။ အဆိုပါတံတားသည် အရှည် ၃၆ကီလိုမီတာရှိကြောင်းသိရသည်။

– နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးအတွက် လိုအပ်လာလျှင် နျူကလီးယားလက်နက်ကို ပိုင်ဆိုင်ခွင့်ရှိသည်ဟု မိမိတို့ ဂျပန်နိုင်ငံအခြေခံဥပဒေတွင် ခွင့်ပြုထားကြောင်း ဂျပန်အစိုးရအရာရှိတစ်ဦးဖြစ်သူ ချီနာကာဂါဝါရာက ပြောကြားလိုက်သည်ဟု ဂျပန်မီဒီယာများက ဖော်ပြသည်။

**နိုဝင်ဘာ ၂၆ ရက်** – အာဖရိကနိုင်ငံများဖြစ်သော ဆိုမာလီယာ၊ အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံတို့တွင် မကြာမီရက်များက မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူပေါင်းနှစ်သိန်းကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး လူပေါင်းများစွာသေဆုံးကာ အိုးအိမ်များစွာ ပျက်စီးခဲ့ရကြောင်း ကင်ညာနိုင်ငံအစိုးရက သတင်းထုတ်ပြန်သည်။

– တောင်အာဖရိကနိုင်ငံက အခြား ၁၂ နိုင်ငံတို့နှင့် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ခြင်းမရှိဘဲ ခရီးသွားလာနိုင်သော သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးလိုက်သည်။ ထိုနိုင်ငံများမှာ အာဂျင်တီးနား၊ ဘိုလီးဗီးယား၊ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ပါရာဂွေး၊ ပီရူး၊ ဥရုဂွေး၊ ဗင်နီဇွဲလား၊ ဂိုင်ယာနာနှင့် ဆူရီနမ်နိုင်ငံတို့ဖြစ်ကြောင်း တောင်အာဖရိကအစိုးရက သတင်းထုတ်ပြန်သည်။ နိုင်ငံကူးလက်မှတ်မဲ့ သွားလာနိုင်မှုကာလမှာ ရက်ပေါင်း ၉၀ ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

# အာထရာဆောင်း ရိုက်ကြည့်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြု

**အင်တာနက်သတင်း**



**လန်ဒန် နိုဝင်ဘာ ၂၆**

အာထရာဆောင်း ရိုက်ကြည့်ခြင်းသည် လူငယ်များတွင် နှလုံးရောဂါကြောင့် ရုတ်တရက်သေဆုံးနိုင်ခြင်း ရှိမရှိကို ချက်ချင်းသိရှိနိုင်ကြောင်း လန်ဒန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အာထရာဆောင်းကြောင့် နှလုံးတွင်ရှိသော တစ်သျှူးများကို သေသေချာချာ စစ်ဆေးကြည့်ရှုနိုင်ကြောင်း၊ လိုအပ်သည့် သတိပေးမှုများကိုလည်း ပြောကြားနိုင်ကြောင်း၊ ဆရာဝန်များအနေဖြင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကို အသေးစိတ်ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။

အာထရာဆောင်း ရိုက်ကြည့်ခြင်းကြောင့် သာမန်ထက် နှလုံးကြီးလာမှု ရှိမရှိ၊ နှလုံးသွေးလည်ပတ်မှုရှိမရှိများကို ချက်ချင်းသိရှိနိုင်သဖြင့် အကျိုးရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ထို့ကြောင့် နှလုံးရောဂါဝေဒနာရှင်များအနေဖြင့် နှလုံးကြွက်သားများ ကောင်းမွန်သန်စွမ်းမှု ရှိမရှိနှင့် အနာရောဂါများ ရှိမရှိကို အာထရာဆောင်း ရိုက်ကြည့် ကုသခံရန်လိုအပ်ကြောင်း၊ ထို့အပြင် ဆရာဝန်များအတွက်လည်း ထိရောက်သောအကူအညီပေးသည့် လုပ်ဆောင်ချက်လည်းဖြစ်ကြောင်း ဗြိတိန်နှလုံးဖောင်ဒေးရှင်းမှ ပါမောက္ခ ပီတာဝီစဘတ်က ပြောကြားသည်။ **(အင်တာနက်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၈ ရက် (ဥပုသ်နေ့)**
**၂၇–၁၁–၂၀၀၆ ရက်(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
- ၁၇:၀၀ ၅။ အကပဒေသာ
- ၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** (လူကူးမျဉ်းကျားမှကူးမယ်)
- ၁၇:၃၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၂၉)
- ၁၈:၅၀ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
- ၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း–၂၁)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း–၃)
- ၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

# ဆရာဝန်အသင်း ဓာတ်ရောင်ခြည်ပညာအဖွဲ့ငယ် ဆေးပညာနှီးနှောဖလှယ်ပွဲ အခမ်းအနား ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း ဓာတ်ရောင်ခြည်အဖွဲ့ငယ်၏ စဉ်ဆက်မပြတ် (C.M.E) ဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော ဓာတ်မှန်ဆရာဝန်များ၊ အဏုမြူရောင်ခြည်ဆိုင်ရာ ဆရာဝန်များ၊ ဓာတ်ရောင်ခြည်ဆေးကုသမှုဆိုင်ရာ ဆရာဝန်များနှင့် စိတ်ပါဝင်စားသော ဆရာဝန်များသည် ဒီဇင်ဘာ ၆ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်မှန်ဌာနတွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိရောဂါကုပညာအဖွဲ့ ညီလာခံဖွင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်းက ကြီးမှူးကျင်းပသော (၁၈)ကြိမ်မြောက် မျက်စိရောဂါကုပညာအဖွဲ့ ညီလာခံ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ရက် နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ)၌ ကျင်းပသည်။

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ နှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မျက်စိ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်က အမှာစကား ပြောကြားသည်။

## ၁၆၅ဦး တက်ရောက်

ထို့နောက် မြန်မာနိုင်ငံဆရာဝန် အသင်း (၁၈)ကြိမ်မြောက် မျက်စိ ရောဂါကုပညာအဖွဲ့ ညီလာခံကျင်းပ ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ မြအောင်က ညီလာခံကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါညီလာခံသို့ မျက်စိဆရာဝန် စုစုပေါင်း ၁၆၅ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ၊ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာမဟာ ဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန် အတွက် အဘိုး ဦးကျော်ဦး-အဘွား ဒေါ်သန်းသန်းစီတို့အား အမှူးထား၍ မြေးဖြစ်သူ မောင်ဇော်လင်းထူး(စင်ကာပူ)၏ ၁၂နှစ်ပြည့်မြောက် မွေးနေ့ မင်္ဂလာကောင်းမှု အလှူတော်အဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ ထန်းတပင်လမ်း အမှတ်၇၂(အေ)နေ မိသားစုက အလှူငွေကျပ် တစ်သိန်းကို နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ အန္တိမအဂ္ဂိဈာပနပူဇာ တရားပွဲများ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ခုတင်္ဂရေ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဋ္ဌာနဆေက၊ ဩဝါဒက္ခမ၊ သံသာရဘီရုက၊ ဝိနယကုက္ကုစ္စ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဒယာပန္န၊ ဂန္ထကာရက၊ အရညဝါသီ တောရမှီသည့် သက်တော်(၈၆)နှစ်ရှိ သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ မဟာထေရ်သည် စက်တင်ဘာ၁ရက်တွင် ပျံလွန်တော်မူသွားခဲ့ပြီး ဒီဇင်ဘာ ၁ရက် မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန အခမ်းအနား ပြုလုပ်မည်ဖြစ်ရာ သာဓုကီဠနပူဇာသဘင်အဖြစ် တရားပွဲများကို ကျင်းပမည်ဖြစ်သဖြင့် နိုဝင်ဘာ ၂၈ရက်တွင် မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ၊ ၂၉ရက်တွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရနှင့် ၃၀ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိတို့က ည ၇နာရီတွင် တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ **(သတင်းစဉ်)**

# အမျိုးသားညီလာခံကိုယ်စားလှယ်များ လောကချမ်းသာအဘယလာဘမုနိဘုရား ဖူးမြော်ကြည်ညို လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်သို့ သွားရောက်လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက် ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသား ညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက် ဖြစ်သည့် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယ လာဘမုနိဘုရားသို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာ အလှည့်ကျဂေါပက အဖွဲ့ဝင် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများ က ကြိုဆိုကြပြီး ဘုရားကြီး၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

## ဓမ္မလက်ဆောင်ပေး

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံ ထိန်းသိမ်းနိုင်ရေး အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၄၇၂၀၀ ကို ပေးအပ်လှူဒါန်းကြရာ အလှည့်ကျဂေါပကအဖွဲ့ဝင်က လက်ခံပြီး လောကချမ်းသာအဘယလာဘမုနိ ဘုရားကြီးပုံတော်အား ဓမ္မလက်ဆောင် အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယ လာဘမုနိဘုရား ပရဝဏ်အတွင်းရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဆင်ဖြူတော် ဆောင်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ရုံးမှ တာဝန်ခံ ဆရာဝန် ဦးခင်မောင်ဝင်းက ရတနာဆင်ဖြူတော်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ကိုယ်စားလှယ် များက ရတနာဆင်ဖြူတော်များ အတွက် အလှူငွေကျပ် ၄၀၀၀၀ကို ပေးအပ်လှူဒါန်းသည်။

## ကြိုဆို

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ အင်ဖိုတက် (Myanmar Info-Tech) ICT Parkသို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသား ညီလာခံကိုယ်စားလှယ်များအား မြန်မာ အင်ဖိုတက် အစည်းအဝေးခန်းမ၌ Myanmar Info-Tech Corporation Ltd. ဥက္ကဋ္ဌ ဦးသိန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား Myanmar Info-Tech နှင့်ပတ်သက်၍ Video Clip Presentation ပြသသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် Myanmar Info-Tech ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ဇော်မြင့်က Myanmar Info-Tech ၏ လုပ်ငန်းများနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိနှင့် အနာဂတ်ဆက်သွယ်ရေး ဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သတင်း အချက်အလက်နှင့် နည်းပညာ ဌာနမှ အင်ဂျင်နီယာချုပ် ဦးတင့်လွင်က လည်းကောင်း Viedo Clip ဖြင့် ရှင်းလင်းပြောကြားကြပြီး အမျိုးသား ညီလာခံကိုယ်စားလှယ်များက သိလိုသည့် အချက်အလက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသီးသီး ပြန်လည်ဖြေကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြန်မာအင်ဖိုတက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

## ဆက်ကပ်လှူဒါန်း

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြသည်။

## ဝတ်ပြုဆုတောင်း

ထို့အတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်း အရှေ့ရပ်ကွက် ကရင်ကျမ်းစာသင်ကျောင်းရှိ စင်မင်နရီး ကရင်နှစ်ခြင်း ဘုရားကျောင်းသို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ **(သတင်းစဉ်)**

# မန္တလေး ဗဟိုအကျဉ်းထောင်မှ လွတ်ရက်စေ့လွတ်သူများအား တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မန္တလေးဗဟိုအကျဉ်းထောင်မှ နိုဝင်ဘာ ၂၄ရက် (သောကြာနေ့)၊ ၂၅ရက်(စနေနေ့)နှင့် ၂၆ရက် (တနင်္ဂနွေနေ့)တွင် လွတ်ရက်စေ့ အကျဉ်းသားအကျဉ်းသူ ၆၆ဦးတို့အား နိုဝင်ဘာ ၂၄ရက် နံနက်၉နာရီက ယင်းအကျဉ်းထောင်ရှိ ခန်းမဆောင်(၁)၌ တာဝန်ခံအရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးမြသွင်က တွေ့ဆုံကာ ဆုံးမစကား ပြောကြား၍ လွှတ်သည်။

ထိုသို့တွေ့ဆုံကာ ဆုံးမစကား ပြောကြားရာတွင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသွင်က ယနေ့လွတ်လူများတွင် စနေနေ့ လွတ်လူခြောက်ဦး၊ တနင်္ဂနွေနေ့ လွတ်လူ ၃၅ ဦးတို့ အပါအဝင် စုစုပေါင်း ၆၆ ဦးတို့အား ရုံးဖွင့်ရက်တွင် လွှတ်ပေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသူများဖြစ်ပြီး အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခဲ့ရကြောင်း၊ အကျဉ်းဦးစီးဌာနက "ပုံစံမလိုအဝကျွေး"ဆိုသည့် ဆောင်ပုဒ်အတိုင်း နေ့စဉ်နံနက်စောစော ဆန်ပြုတ်၊ နေ့လယ်စာ၊ ညနေစာတို့ကို ကျွေးရကြောင်း၊ တစ်ပတ်နှစ်ကြိမ် အသားကျွေးရကြောင်း၊ တစ်ပြည်လုံး အကျဉ်းထောင် ၄၂ထောင်၊ စခန်း ၉၁ ခုတို့မှ ပြစ်ဒဏ်ကျအကျဉ်းသား၊ အချုပ်သားများအတွက် နေ့စဉ်ဆန်ဆိတ် ၁၀၀၀ ခန့် ကုန်ကျကြောင်း၊ အသားဟင်းနှစ်ကြိမ်အတွက် တစ်ကြိမ်လျှင်ပိဿာ ၃၀၀၀ကျော် ကုန်ကျကြောင်း၊ အသားမစားသူများအတွက် ဘဲဥအလုံး ၅၀၀၀ ကုန်ကျကြောင်း၊ စရိုက်တူသည့် မိသားစုတစ်စု အသုံးပြုသည့် အိမ်သာ အနံ့မထွက်အောင် ကြိုးပမ်းရာတွင် ပင်ပန်းသကဲ့သို့ စရိုက်မတူသည့် အကျဉ်းသား၊ အချုပ်သားများ၏ အညစ်အကြေးများ အနံ့မထွက်အောင်၊ သန့်ရှင်းအောင်ပြုလုပ်ရသည်မှာ ခက်ခဲလှကြောင်း။

## ကြည့်ရှုကုသ

အကျဉ်းထောင်၌ ချိုးရေ၊ သုံးရေကို လုံလောက်စွာ သုံးစွဲရသကဲ့သို့ အလှူရှင်တစ်ဦးက ငွေကျပ်သိန်း ၄၀၀ ကျော် တန်ဖိုးရှိ ရေသန့်စက်ရုံကို လှူဒါန်းသွားမည်ဖြစ်ရာ ပြစ်ဒဏ်ကျ အကျဉ်းသား၊ အချုပ်သားများသာမက အကျဉ်းဦးစီးဌာနမိသားစုများ၊ ထောင်ဝင်စာလာရောက်တွေ့ဆုံသည့် ပြင်ပမှ မိသားစုများကိုပါ သောက်ရေသန့် တိုက်သွားမည်ဖြစ်ကြောင်း၊ ပြစ်ဒဏ်ကျ အကျဉ်းသား၊ အချုပ်သားများအတွက် ကျန်းမာရေးကို အကျဉ်းထောင် ဆေးရုံမှ ဆရာဝန်ကြီးများ၊ ပြင်ပ တိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ တိုင်းရင်းဆေး သမားတော်များကလည်း အပတ်စဉ် သောကြာနေ့တိုင်း လာရောက်ကြည့်ရှု ကုသပေးလျက်ရှိသည်ကို လွတ်လူများ ကိုယ်တွေ့ဖြစ်ကြောင်း။

## ကောင်းမွန်စွာနေထိုင်

သို့ရာတွင် မည်မျှကောင်းအောင် လုပ်သော်လည်း ကမ္ဘာပေါ်ရှိ ထောင်အားလုံးသည် မိမိနေအိမ်လောက် နွေးထွေးမှုရှိမည်မဟုတ်ကြောင်း၊ ယခုအချိန်ကစပြီး မိမိ မိသားစုနှင့်အတူ အေးချမ်းကောင်းမွန်စွာ နေထိုင်ကြရန်နှင့် နောင်တွင်အကျဉ်းထောင်သို့ မည့်သည့်အခါမှ ပြန်မလာကြရန် မှာကြားပြီး လာရောက်ကြိုဆိုကြသည့် မိဘဆွေမျိုးများရှေ့မှောက်တွင် အကျဉ်းသားအချင်းချင်း အနိုင်အထက် ပြုကျင့်မှု၊ ဝန်ထမ်းများက အနိုင်အထက် ပြုကျင့်မှုများ၊ မကျေနပ်မှုများရှိပါက တိုင်ကြားရန် ပြောကြားသည်။

အဆိုပါလွတ်သူများအား တွေ့ဆုံကာ ဆုံးမစကား ပြောကြားရာသို့ မန္တလေး ဗဟိုအကျဉ်းထောင် ဒုတိယ တာဝန်ခံအရာရှိ၊ ဝန်ထမ်းများနှင့်၊ လွတ်သူများ၏မိဘ၊ ဇနီးနှင့် ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြပြီး အမျိုးသား ၅၉ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ လွတ်လူဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ ချောင်းဦးမြို့နယ် NLD ပါတီဝင်တစ်ဦးနုတ်ထွက်

**ရန်ကုန် နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် မြို့မရပ်ကွက်နေ မောင်ကျော်မင်းထိုက်သည် စက်တင်ဘာ ၁၂ ရက်တွင် မိမိ၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာ ပေးပို့နုတ်ထွက်ခဲ့သည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သောနုတ်ထွက်လွှာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းအနေဖြင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ယခုကဲ့သို့ မိမိ၏ဆန္ဒအလျောက် နုတ်ထွက်ခဲ့ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

27-11 (06) 1 11/27/06, 1:52 PM

# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စပါးခွံလောင်စာသုံးဓာတ်အားပေးစက်ရုံဖွင့်လှစ် ကျိုင်းတုံမြို့နယ် ယန်းလုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသုံးစွဲနိုင်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့နယ် ဝမ်ဟကျေးရွာ ရှိ ဦးနွဲ့ပြန်း၏ အိမ်မိုးအုတ်ကြွပ်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၆

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုဝင်ဘာ၂၄ရက် နံနက်၉နာရီက ကျိုင်းတုံမြို့နယ် ဝပ်ဆောင်းကျေးရွာအုပ်စု ယန်းလုံကျေးရွာ၌ကျင်းပသည့် စပါးခွံလောင်စာသုံးဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ ရှေးဦးစွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကျိုင်းတုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးလှကြည်က စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံဖြစ်ပေါ်လာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

## ဖွင့်လှစ်ပေး

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

## ဓာတ်အားသုံးစွဲနိုင်

အဆိုပါ စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၁ရက်မှစတင်၍ တည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ် နိုဝင်ဘာ၂၁ရက်တွင် လျှပ်စစ်ဓာတ်အားများ စတင်ပေးနိုင်ခဲ့သည်။ ယခုအခါ ယန်းလုံကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ သုံးရွာတို့ရှိ အိမ်ထောင်စု ၅၁စု တို့တွင် လျှပ်စစ်ဓာတ်အားများသုံးစွဲနိုင်ပြီး ယခုသုံးစွဲမှုသည် ဝပ်၅၀၀၀ခန့်ရှိကြောင်း သိရှိရသည်။

စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးအတွက် စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ် ၁၆၂သိန်းဖြစ်သည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ယန်းလုံကျေးရွာအုပ်စု ဝမ်ဟကျေးရွာနေ ဦးနွဲ့ပြန်း၏ အိမ်မိုးအုတ်ကြွပ်လုပ်ငန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးကြရာ လုပ်ငန်းရှင် ဦးနွဲ့ပြန်းက အိမ်မိုးအုတ်ကြွပ် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**



# အကျဉ်းဦးစီးဌာန တပ်သားအဆင့် အခြေခံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေးမြို့)၏ တပ်သားအဆင့် အခြေခံသင်တန်းအမှတ်စဉ်(၂၄)ဆင်းပွဲကို မန္တလေးမြို့ ဗဟိုအကျဉ်းထောင်ရှိ သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးညီစိုးနှင့် ဦးစီးအရာရှိများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မန္တလေး ဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသွင်၊ မန္တလေးတိုင်းရဲတပ်ဖွဲ့မှူး၊ ကျောင်းအုပ်ကြီး ဦးမြင့်ဆွေနှင့် နည်းပြများ တက်ရောက်ကြသည်။

ရှေးဦးစွာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒို့တာဝန်အရေး(၃)ပါးကိုဦးထိပ်ထား၍ တာဝန်ထမ်းဆောင်ကြရန်၊ ဦးတည်ချက်(၁၂)ရပ်ကို မပြတ်လေ့လာဆည်းပူးရန်၊ ဌာန၏ဂုဏ်သိက္ခာကို စောင့်ထိန်းရန်လိုကြောင်း၊ အကျဉ်းဦးစီးဌာနသည် နိုင်ငံတော်အစိုးရကချမှတ်ထားသည့် မူဝါဒများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရကြောင်း၊ ယခင်စနစ်ဟောင်းကကဲ့သို့ နယ်ချဲ့ကိုလိုနီ၏ လက်ကိုင်တုတ်ဘဝဖြင့် ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်သည့် ဌာနမဟုတ်တော့ဘဲ အကျင့်စရိုက်ဆိုးများဖျောက်ပြီး ပြည်သူလူထု၏အကျိုးစီးပွားနှင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ၌ နေ့မအား၊ ညမနား ပါဝင်ဆောင်ရွက်နေကြောင်း၊ ယခုအခါ အကျဉ်းထောင်၌ထိန်းသိမ်းထားရှိသည့် အကျဉ်းသား၊ အချုပ်သားများ၏ စားသောက်ရေးကို မိမိအစီအစဉ်ဖြင့် ကျွေးမွေးနိုင်ရေးဆောင်ရွက်ရန်ဖြစ်ပြီး နိုင်ငံတော်က တာဝန်ပေးအပ်လာသဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နေပြီဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

## ဆုများချီးမြှင့်

ထို့နောက် သင်တန်းတွင်အကောင်းဆုံးစံပြကျောင်းသားဆုရ ကသ(၃၉)ဆန်းဝင်းထွန်းနှင့်ထူးချွန်ဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ်က ဆုများကိုချီးမြှင့်သည်။**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့်မိသားစုများ ငပလီနှင့်ပုဂံ–ညောင်ဦး–ပုပ္ပားဒေသများသို့ကြည့်ရှုလေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ၂၄ ရက်မှ ယနေ့အထိ ရခိုင်ပြည်နယ် ငပလီနှင့် မန္တလေးတိုင်း ပုဂံ–ညောင်ဦး–ပုပ္ပားဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ အဖွဲ့နာယက အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Yayat Hidayat ခေါင်းဆောင်သော စစ်သံမှူးများနှင့် မိသားစုများသည် နိုဝင်ဘာ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်များဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ နံနက် ၁၁နာရီခွဲတွင် ရောက်ရှိကြရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့်ဇနီး ဒေါ်ကျော့ကျော့စံ၊ သံတွဲခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် Aureum Palace Hotel ၌ တည်းခို၍ ညနေပိုင်းတွင် ငပလီကမ်းခြေ၌ အပန်းဖြေအနားယူကြသည်။

## ညစာတည်ခင်း

ညပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့်ဇနီးတို့က နိုင်ငံခြားစစ်သံမှူးများနှင့်မိသားစုများအား Amazing Holidays Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ စားပွဲတွင် သံတွဲဖျော်ဖြေရေးအဖွဲ့က ရခိုင်ရိုးရာယဉ်ကျေးမှုအကများ၊ဆို၊က၊ရေး၊တီးပြိုင်ပွဲ၌ ဆုရ ကျောင်းသူကျောင်းသားများက အဆို၊ အက၊ အတီး၊ အမှုတ်များဖြင့် ဧည့်ခံဖျော်ဖြေကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေက ဂုဏ်ပြုပန်းခြင်းနှင့်ဆုချီးမြှင့်ငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ အဖွဲ့နာယက အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Yayat Hidayat က ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

## လက်ဆောင်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်အား နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယကကအမှတ်တရလက်ဆောင်ပစ္စည်းကိုပေးအပ်ပြီး တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်ကလည်း နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယကနှင့် စစ်သံမှူးများနှင့် မိသားစုများအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် နိုဝင်ဘာ၂၅ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုဂံ–ညောင်ဦးသို့ ဆက်လက်ထွက်ခွာရန်အတွက် သံတွဲလေဆိပ်သို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား စစ်သံမှူးများနှင့်မိသားစုများသည် အထူးလေယာဉ်များဖြင့် သံတွဲလေဆိပ်မှ ထွက်ခွာလာကြရာ မန္တလေးတိုင်း ပုဂံ–ညောင်ဦးလေဆိပ်သို့ နံနက် ၉နာရီတွင်ရောက်ရှိကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ပုပ္ပားဒေသသို့သွားရောက်ကြည့်ရှုလေ့လာကြပြီး Popa Mountain Resort Hotel ၌ နေ့လယ်စာသုံးဆောင်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ပုဂံသို့ရောက်ရှိကြပြီး ညနေပိုင်းတွင် ပုဂံနန်းမြင့်မျှော်စင်ပေါ်မှ ပုဂံမြို့၏ ညနေခင်း ဆည်းဆာအလှကို ကြည့်ရှုခံစားကြပြီး နေဝင်ချိန် ရှုခင်းအလှကိုလည်း အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေက မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၏ ဇနီးတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ရွှေစည်းခုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြကာ အမှတ်တရပစ္စည်းများကို ဝယ်ယူကြသည်။

ညပိုင်းတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများအား ပုဂံမြို့ရှိ Sunset Garden Restaurant ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

## ကြည့်ရှုလေ့လာ

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီ**(အပေါ်ဝဲပုံ)** ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းမိသားစု၏ ယွန်းထည်ဆိုင်တွင် မြန်မာ့ရိုးရာ အနုပညာလက်ရာများကို ကြည့်ရှုလေ့လာဝယ်ယူကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ပုဂံမြို့ရှိ ရှေးဟောင်းစေတီပုထိုးများနှင့် ပုဂံရှုခင်းအလှများကို ကြည့်ရှုလေ့လာကြပြီး နံနက်၁၁နာရီတွင် ပုဂံ–ညောင်ဦးလေဆိပ်မှ အထူးလေယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

27-11 (07) 1 11/27/06, 1:52 PM

# နိုင်ငံတော်သစ်ကို တည်ဆောက်ပြုပြင်ရာ၌ လက်တန်းလုပ်ကိုင်နေခြင်းမဟုတ် ရည်မှန်းချက်ရှိရှိ၊ ဦးတည်ချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်

■ ရွှေဖုံးမှ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ပုသိမ်လေဆိပ်တွင် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် မြရောအစည်းအဝေးခန်း၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှတပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသန်းဝင်း၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကြည်တင်၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအေးဟန်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဌေးဝင်းနှင့် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးချစ်တို့က ခရိုင်အလိုက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများဖွဲ့စည်းတည်ရှိမှု၊ အကျယ်အဝန်း၊ ရာသီဥတုအခြေအနေနှင့် မိုးရွာသွန်းမှုများ၊ ခရိုင်၏ လူဦးရေ၊ မြေအသုံးချနိုင်မှုများ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရိတ်သိမ်းပြီးစီးမှု၊ နွေစပါးစိုက်ပျိုးရန် လျာထားမှုနှင့် စိုက်ပျိုးမှု၊ အဓိကသီးနှံ၁၀မျိုးစိုက်ပျိုးနိုင်မှု၊ ဒေသဆန်၊ ဆီဖူလုံမှု၊ နှစ်ရှည်သီးနှံရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်စိုက်ပျိုးမှု၊ အမယ်သစ်သီးနှံ ငရုတ်ကောင်း၊ ကော်ဖီ၊လက်ဖက်စိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ လယ်ယာသုံးစက်ကိရိယာများသုံးစွဲမှု၊ ငါး၊ ပုစွန်၊ ကြက်၊ ဘဲ၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်မွေးမြူမှု၊ စက်မှုဇုန်များ အခြေအနေနှင့် စက်မှုဇုန်အလိုက် စက်ပစ္စည်းကိရိယာနှင့် လုပ်ငန်းသုံးယာဉ်များ ထုတ်လုပ်မှုနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မှုများ၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်မှုများနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဧရာဝတီတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးကျော်စန်းက တိုင်း၏အကျယ်အဝန်း၊ လူဦးရေ၊ တိုင်းအတွင်း တရားဥပဒေ စိုးမိုးမှုအခြေအနေ၊ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးစိုက်ပျိုးရိတ်သိမ်းမှု၊ ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားချက်နှင့် စတင်စိုက်ပျိုးနေမှု၊ အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးမှု၊ တိုင်း၏ဆန်ဖူလုံမှု၊ စားသုံးဆီဖူလုံမှု၊ နှစ်ရှည်သီးနှံနှင့် အမယ်သစ်သီးနှံစိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု၊ပုသိမ်၊ ဟင်္သာတနှင့်မြောင်းမြစက်မှုဇုန်များ၏အခြေအနေ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများ၏ တိုးတက်မှုအခြေအနေ၊ လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေ၊ ၂၀၀၆-၂၀၀၇ခုနှစ် အောက်တိုဘာလကုန်အထိ တိုင်း၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## တိုးတက်မှုများတင်ပြ

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါးဧက ၃၇သိန်း၊ နွေစပါးဧက၀၆သိန်း စိုက်ပျိုးရန်လျာထားချက်အပေါ် အမှန်စိုက်ပျိုးနိုင်မှု၊ ရော်ဘာ၊ သီဟိုဠ်စိုက်ပျိုးနိုင်မှု၊ အုန်းသီးထုတ်လုပ်နိုင်မှု၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးဆားနယ်၊ ငံပြာရည်၊ ငါးလေးခြောက်၊ ငါး၊ ပုစွန်စသည့် ဒေသရေထွက်ပစ္စည်းများထုတ်လုပ်မှု၊ နေလှန်းဆားထုတ်လုပ်မှုနှင့် ဒေသအတွင်း လမ်း၊ တံတားအခြေအနေ တိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က အားပေးပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပုံများ၊ တိုးတက်ဖြစ်ပေါ်လာမည့် နိုင်ငံတော်လူဦးရေ သန်း၁၀၀အတွက် စားနပ်ရိက္ခာဖူလုံစေရန် စပါးတင်း သန်း၁၅၀၀ထွက်ရှိရေးရည်မှန်းချက်ထား၍ ကြိုတင်ဆောင်ရွက်နေမှုများ၊ ဧရာဝတီတိုင်းသည် လယ်ယာကဏ္ဍသာမက သားငါးကဏ္ဍ၌ပါ နိုင်ငံတော်အတွက် အဓိကအားထားရသည့် တိုင်းတစ်တိုင်းဖြစ်၍ ဖိဖိစီးစီးကြိုးစားလုပ်ကိုင်ရန် လိုအပ်ပုံ၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်း၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်အားပေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ကာလတိုစီမံကိန်းအလိုက် ရည်မှန်းသည်ထက် စီးပွားဖွံ့ဖြိုးတိုးတက်နေမှုများ၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းက ပါဝင်ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့်အနေအထားများ၊ ဧရာဝတီတိုင်း၏ ခရိုင်နှင့်မြို့နယ်အလိုက် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အခြေအနေများ၊ လက်ရှိဖွံ့ဖြိုးမှုအနေအထားထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ခရိုင်နှင့် မြို့နယ်များက ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ် အခြေခိုင်မာ ကောင်းမွန်နေအောင် ပြင်ဆင်ဖွဲ့စည်းမှုများကို မိမိတို့ ပြုလုပ်လျက်ရှိကြောင်း။

## ပြင်ဆင်ဖွဲ့စည်း

ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ပြည်နယ်၊ တိုင်းအဆင့်ရှိ အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကိုလည်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လျက်ရှိရာ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူများသည် ဧရာဝတီတိုင်းအတွင်း၌ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ကြောင်း။

နိုင်ငံတော်၏ လိုအပ်ချက်အရ အုပ်ချုပ်ရေးအပိုင်း၌ တာဝန်သစ်များကို ပြောင်းလဲ ထမ်းဆောင်ကြသူများသည် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမှာဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ပုံနည်းစနစ်များနှင့် သိသင့်သိထိုက်သည်များကို မကြာမီကပင် ကျင်းပခဲ့သော သင်တန်း၌ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးခဲ့ကြပြီဖြစ်ကြောင်း။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာမူဝါဒများကိုလည်းကောင်း လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များအဖြစ်ခံယူ၍ မိမိတို့ တာဝန်ယူရသော နယ်မြေ ဒေသအသီးသီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ စီမံကိန်းများ အောင်မြင်ရေးတို့အတွက် ဦးစီးဦးဆောင်ပြုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်၌ အုပ်ချုပ်ရေးအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်၍ မိမိ၏ မိခင်ဝန်ကြီးဌာနကိုသာမက ကျန်ဝန်ကြီးဌာနအသီးသီးကိုပါ ကိုယ်စားပြု၍ လုပ်ငန်းများအောင်မြင်အောင် ထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း။

## ကြိုးစားလုပ်ကိုင်

**မိမိတို့၏ အရည်အသွေးကို လုပ်ငန်းစွမ်းဆောင်မှုဖြင့် ပြနိုင်ရန် လိုအပ်ရာ မိမိတို့တာဝန်ထမ်းဆောင်ရသည့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း၊ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ ဒေသခံပြည်သူများကို မိမိတို့၏မိဘ၊ မိမိတို့၏ဆွေမျိုးသားချင်းများကဲ့သို့သဘောထားရန် လိုအပ်ကြောင်း။**

**မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများသည် ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်မသွားရအောင်၊ ဝန်ပိသွားမှုမျိုးမဖြစ်ရအောင် သတိထား လုပ်ကိုင်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ထိထိရောက်ရောက် သယ်ပိုးနိုင်သူများ ဖြစ်ရမှာဖြစ်ကြောင်း။**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာ မူဝါဒများကို လည်းကောင်း လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များအဖြစ် ခံယူ၍ မိမိတို့ တာဝန်ယူရသော နယ်မြေဒေသအသီးသီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ စီမံကိန်းများ အောင်မြင်ရေးတို့အတွက် ဦးစီးဦးဆောင်ပြုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်။**

# မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၆

**သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ပင်မဆောင်၌ ဆက်လက်ကျင်းပပြီး နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**

## တက်ရောက်

ညီလာခံသို့ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်၊ တိုင်းရင်းဆေး ကောင်စီဝင် သမားတော်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ အသင်းဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညီလာခံတွင် သဘာပတိအဖြစ် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင်များ ဖြစ်ကြသော ဦးသန်းညွန့်နှင့် ဦးဌေးမြင့်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ ဦးကြည်နှင့် ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးစိုးမင်းတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အဆိုပြုချက် (၅)ဖြစ်သည့် " မြန်မာ့တိုင်းရင်းဆေးလောက၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေနိုင်သည့် စာပေနှင့် ဆေးဝါးကြော်ငြာ ရေးသားဖော်ပြချက်များကို တိုင်းရင်းဆေးဆရာများနှင့် ဆေးဝါးထုတ်လုပ်သူများက စောင့်စည်းထိန်းသိမ်းရေး”ကို စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှ ညီလာခံကိုယ်စားလှယ်ဦးစိုးမြင့်က အဆိုပြုတင်သွင်းရာ စွမ်းအင်ဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဦးတင်ထွဋ်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အဆိုပြုချက်(၆) ဖြစ်သည့် “မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းစဉ်များတွင် အရည်အသွေး ထိန်းသိမ်းရေးကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်ရေး”ကို ဆေးသုတေသနဦးစီးဌာန (အောက် မြန်မာပြည်)မှ ညီလာခံကိုယ်စားလှယ် ဒေါက်တာသော်ဇင်က အဆိုပြုတင်သွင်းရာ မွန်ပြည်နယ် ကျိုက်ထိုမြို့မှ ညီလာခံကိုယ်စားလှယ် ဦးခင်ဝင်းက ထောက်ခံဆွေးနွေးသည်။

## ထောက်ခံဆွေးနွေး

ထို့နောက် အဆိုပြုချက်(၇) ဖြစ်သည့် “မြန်မာ့ တိုင်းရင်းဆေးဆရာတို့၏ အရည်အသွေးနှင့် ခံယူချက်ပိုမိုမြင့်မားရေးအတွက် တိုင်းရင်းဆေးဆရာများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး”ကို ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ညီလာခံကိုယ်စားလှယ် ဦးကံစိုက အဆိုပြုတင်သွင်းရာ တနင်္သာရီတိုင်း ထားဝယ်မြို့မှ ညီလာခံကိုယ်စားလှယ် ဒေါ်အေးအေးသန်းကထောက်ခံဆွေးနွေးသည်။



## ခံယူလိုက်နာ

ယင်းနောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံက ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ သဘာပတိက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို သတ္တမအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံက မှတ်တမ်းတင်ကြောင်းနှင့် သဝဏ်လွှာတွင်ပါရှိသော ဩဝါဒ မိန့်မှာချက်များကို တိုင်းရင်းဆေးသမားတော် အသီးသီး၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားရန်၊ ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်းကို ညီလာခံက မှတ်တမ်းတင်ကြောင်းနှင့် တိုင်းရင်းဆေးသမားတော် အသီးသီး၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာ ကျင့်သုံးသွားရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

## အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက ညီလာခံသို့တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားကိုရယူပြီး သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင် တင်သွင်းသည့် အဆိုပြုချက်(၇)ရပ်ကို ရှေ့လုပ်ငန်းစဉ်အဖြစ် အတည်ပြု ဆုံးဖြတ်ကြောင်း ကြေညာသည်။

## အောင်မြင်စွာကျင်းပပြီးစီး

ထို့နောက် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး နံနက်ပိုင်းတွင် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

**(သတင်းစဉ်)**

နိုဝင်ဘာ ၂၅ရက်က အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် ပြသထားသော တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းဖော်ပြပြီး)(မြန်မာ့အလင်း)

---

## ကူညီပံ့ပိုး

ထို့အပြင် မြို့နယ်အဆင့်က ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်သို့လည်းကောင်း၊ ခရိုင်အဆင့်က မြို့နယ်အဆင့်သို့လည်းကောင်း အမြဲမပြတ်အချိန်မှန်မှန် ကွင်းဆင်းသွားရောက်ကြရန်လိုအပ်ကြောင်း၊ ကွင်းဆင်းထိတွေ့သည့်အခါ၌လည်း လိုအပ်သည်များကို မေးမြန်းဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ကူညီပံ့ပိုးခြင်းတို့ပြုရန် ဖြစ်ကြောင်း။

မိမိအောက်အဆင့် အဖွဲ့အစည်းကို ဝန်မပိစေရန် လိုအပ်သကဲ့သို့ အောက်အဆင့် အဖွဲ့အစည်းက မှန်မှန်ကန်ကန် အရှိအတိုင်း တင်ပြတတ်အောင်၊ လုပ်တတ်ကိုင်တတ်အောင် ကူညီလမ်းပြရမှာဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ညှိညှိနှိုင်းနှိုင်း မှန်မှန်ကန်ကန်လုပ်ကိုင်ပြီး အထက်အဖွဲ့အစည်းကိုလည်း မှန်မှန်ကန်ကန်သိရှိနိုင်အောင် ဆက်လက်သုံးသပ်တင်ပြကြရန် ဖြစ်ကြောင်း။

## မှန်မှန်ကန်ကန်သုံးသပ်တင်ပြ

အောက်အဖွဲ့အစည်း၏တင်ပြချက်နှင့်သဘောထားကို လေးစားရမှာ ဖြစ်သကဲ့သို့ အထက်အဖွဲ့အစည်းကိုလည်း သိသင့်သိထိုက်သည်များကို မှန်မှန်ကန်ကန် သုံးသပ်တင်ပြကြရန် ဖြစ်ကြောင်း။

မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရာ၌ မှတ်တမ်းမှတ်ရာများ၊ နှစ်အလိုက်စာရင်းဇယားများ စနစ်တကျပြုစုထားရန်လိုကြောင်း။

## ကြိုးပမ်းအားထုတ်လုပ်ကိုင်

မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများသည် အတိတ်မှတ်တမ်းများအဖြစ် ပြောင်းလဲကျန်ရှိနေသည်ဖြစ်ရာ သမိုင်းမှတ်တမ်းကောင်းအဖြစ် ကျန်ရှိအောင် ကြိုးပမ်းအားထုတ် လုပ်ကိုင်ကြရန် လိုကြောင်း။



**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

နောင် ပြည်သူတို့က ရွေးချယ်လိုက်သော အစိုးရအဖွဲ့အား တိုင်းပြည်၏တာဝန်များကို လွှဲပြောင်းပေးရာ၌လည်း မှတ်တမ်းမှတ်ရာများဖြင့် ပြည့်ပြည့်စုံစုံ လွှဲပြောင်းပေးသွားမှာဖြစ်၍ ယခုကတည်းကပင် မိမိတို့၏လုပ်ကိုင် ဆောင်ရွက်မှု အခြေအနေများကို စနစ်တကျ မှတ်တမ်းပြုစုထားရန်လိုကြောင်း။

## နှိုင်းယှဉ်သုံးသပ်

မိမိတို့ တပ်မတော်အစိုးရ စတင်တာဝန်ယူသည့် ၁၉၈၈ခုနှစ်အခြေအနေနှင့် ယနေ့အခြေအနေကို စီးပွားရေး၊ ကျန်းမာရေး၊ပညာရေး၊လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍအလိုက်တိုးတက်ဖြစ်ပေါ်မှုတို့ဖြင့် နှိုင်းယှဉ်သုံးသပ်သကဲ့သို့ ယနေ့အုပ်ချုပ်ရေးအပိုင်းကို ပြောင်းလဲတာဝန်ပေးလိုက်သည့် ၂၀၀၆ခုနှစ်



**အမျိုးသား စီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

## ရှင်းလင်းပြောကြား

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦး ရှင်းလင်း ပြောကြားစဉ်။**

(သတင်းစဉ်)



အခြေအနေကိုလည်း ၂၀၀၇ခုနှစ်၊ ၂၀၀၈ခုနှစ် စသည်ဖြင့် နှစ်အလိုက်ဖြစ်ပေါ်လာမည့် အခြေအနေများနှင့် နှိုင်းယှဉ်သုံးသပ်သွားကြရမှာဖြစ်ကြောင်း။

သို့မှသာ မိမိတို့၏ဆောင်ရွက်ချက်များအရ ဖြစ်ပေါ်လာသည့်ကဏ္ဍအလိုက် အားသာချက်များနှင့် အားနည်းချက်များကို မှန်မှန်ကန်ကန် နားလည်သိရှိပြီး ပိုမိုတိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း။

## တိုးချဲ့စိုက်ပျိုး

နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးတာဝန်များကို ယခုကဲ့သို့ ထမ်းဆောင်ရသည့်အချိန်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ သီးနှံအလိုက်သတ်မှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်းများအတိုင်း သီးနှံများတိုးတက်ထွက်ရှိလာအောင်၊ အလေအလွင့်အနည်းဆုံးဖြစ်အောင်၊ အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပို့ကုန်အမယ်သစ်များထွက်ပေါ်လာအောင်၊ ပြည်သူများ၏လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ကြိုးစားသွားကြစေလိုကြောင်း။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီ လက်တွဲပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ တိုင်းပြည်၏ အခြေအနေအရပ်ရပ်မှာ ၁၉၈၈ခုနှစ် အခြေအနေနှင့်မတူတော့ဘဲ လက်တွေ့မျက်မြင် ပြောင်းလဲတိုးတက်ခဲ့ပြီးဖြစ်ကြောင်း။

## ခိုင်ခိုင်မာမာရယူ

**ယခုပြုပြင်ပြောင်းလဲလိုက်သည့် အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့ကလည်း ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားကို ခိုင်ခိုင်မာမာ ဆက်လက်ရယူ၍ လုပ်ငန်းများကို ထိရောက်အောင်မြင်လာအောင်၊ တိုးတက်လာအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။**

**နိုင်ငံတော်သစ်ကို တည်ဆောက်ပြုပြင်ရာ၌ မိမိတို့သည် လက်တန်းလုပ်ကိုင်နေခြင်းမဟုတ်ဘဲ ရည်မှန်းချက်ရှိရှိ၊ ဦးတည်ချက်ရှိရှိလုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။**

## အမျိုးသားရည်မှန်းချက်

ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ကလည်း နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ချမှတ်ပေးထားသော ဦးတည်ချက်(၁၂)ရပ်နှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားကြစေလိုကြောင်း။

**ဒေသအလိုက် ဦးစီးဦးဆောင် တာဝန်ယူကြသူများဖြစ်ကြ၍ တိုင်းပြည်နှင့် ဒေသအပေါ် စေတနာထားကြရန်၊ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ဆက်ဆံကြရန်၊ လူသစ်စိတ်သစ်၊ အင်အားသစ်မွေးကြရန်၊ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်ကြီးနှင့်အညီ အခြားနိုင်ငံများနှင့်အတူ မိမိတို့နိုင်ငံအနေဖြင့် ရင်ပေါင်တန်းလိုက်နိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးမှုများဖြင့် မိမိတို့ကိုယ်ကို ပြုစုပျိုးထောင်နေကြရန် လိုအပ်ကြောင်း။**

## အရေးကြီး

ပါတီစုံဒီမိုကရေစီခေတ်၌ နိုင်ငံတော်၏အုပ်ချုပ်ရေး ခိုင်မာတောင့်တင်းပြီး စနစ်ကျနနေရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**(သတင်းစဉ်)**

## ❒ ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား-အကျဲ-ဆင်ဘိုလမ်း၏ မလိဇ္ဇတ်ယန်ကျေးရွာရှိ မလိဇ္ဇတ်ယန်တံတားသို့ ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူဟင်းနှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

## ကောင်းမွန်အောင်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားပြုပြင်ဆောင်ရွက်ရန်နှင့် လမ်းကြောင်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဟိုကပ်ကျေးရွာသို့ ရောက်ရှိကြပြီး ဧရာဝတီမြစ်ရေစီးဆင်းမှုအခြေအနေနှင့် လမ်းအူကြောင်းများအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးကောင်းချောင်းကူး နန့်တိန်းလုံတံတားသို့ ရောက်ရှိကြပြီး တံတားပေါ်သို့ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအားမှာကြားသည်။

## နန့်တိန်းလုံတံတား

အဆိုပါ မိုးကောင်းချောင်းကူး နန့်တိန်းလုံတံတားသည် အရှည်၄၆၄ ပေ၊ ယာဉ်သွားလမ်းအကျယ်၁၃ပေရှိ ရေပေါ်သံဖောင်တံတားဖြစ်ပြီး ခံနိုင်ဝန်အားမှာ ငါးတန်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များအား တံတားအနီးရှိ ရှင်းလင်းဆောင်၌ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းသန်းက နန့်တိန်းလုံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် အကျဲ-ဆင်ဘိုလမ်းပိုင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဗိုလ်မှူးကြီး ခင်မောင်ချိုက ဟိုပင်-ဆင်ဘိုလမ်းပိုင်း တစ်ကြောင်းထိုးလမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဗိုလ်မှူးကြီးသက်ဝေက မြို့လှ-အမတ်ကြီးကုန်း-ပိန်းခွန်ယန်-ဆင်ဘိုလမ်းပိုင်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် အုန်းမြင့်က ခရိုင်ချင်းဆက် လမ်းဖြစ်သည့် မြစ်ကြီးနား-ဆင်ဘိုလမ်းပိုင်းနှင့် ဖားကန့်-တာမခံ-ဆယ်ဇင်းလမ်း၊ ဖားကန့်-ဂမိုင်လမ်းပိုင်းတို့ ဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် လမ်းပိုင်းအဆင့်မြှင့်ပြုပြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဖောက်လုပ်ပြီးစီးသည့် ခရိုင်ချင်းဆက်လမ်း တစ်ကြောင်းထိုးလမ်းပိုင်းများကို ရာသီမရွေး သွားလာနိုင်သောလမ်းများဖြစ်ရန် လိုကြောင်း၊ ကျေးရွာအဝင်၊ အထွက်လမ်းပိုင်းများတွင်လည်း စနစ်တကျဆောင်ရွက်ရေး၊ လိုအပ်သောနေရာများတွင် သစ်သားတံတားငယ်များဆောက်လုပ်ရေးနှင့် တစ်နှစ်ပတ်လုံးသွားလာနိုင်မည့် လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘို-အကျဲ၊ အကျဲ-မြစ်ကြီးနားလမ်းဆုံသို့ ပြန်လည်ရောက်ရှိပြီး လမ်းပိုင်းအခြေအနေနှင့် သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် ခရီးသည်များအား ပို့ဆောင်သွားလာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ဧက၁၅၀၀ အောင်မြေရော်ဘာခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံပိုင်ရှင် ဦးကော်ကြည်ချင်းက ရော်ဘာစိုက်ပျိုးမည့် ဧက၁၅၀၀တွင် ၆၃၅ဧကစိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးထားသည့် ပျိုးပင်အမျိုးအစား၊ ရော်ဘာထုတ်လုပ်ရောင်းချမှုနှင့် ရော်ဘာအထွက်နှုန်းတို့ကို ရှင်းလင်းတင်ပြသည်။

## လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားကာ ရော်ဘာမျိုးစေ့များ၊ ညပိုင်းရော်ဘာစေးခြစ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ရော်ဘာကြိတ်ပြားများကိုလည်းကောင်း၊ ရော်ဘာပင်မှ ရော်ဘာစေးများ ခြစ်ယူမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြေရော်ဘာခြံအတွင်းရှိ ခရမ့် (Crumb) ရော်ဘာကြိတ်စက်ရုံ၌ ရော်ဘာပြားများထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရခိုင်သဟာယအသင်း(ရန်ကုန်) ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရခိုင်သဟာယအသင်း(ရန်ကုန်) ပညာသင်ဆု ငွေရတုအထိမ်းအမှတ် အလှူရှင်များအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ၂၄ရက် ညနေ ၅ နာရီခွဲက ဗဟန်းမြို့နယ် M-3 Food Center ၌ ကျင်းပရာ အသင်းနာယကများ၊ အမှုဆောင်များနှင့်အလှူရှင်များတက်ရောက်ကြပြီး အလှူရှင်၁၅၀တို့အား မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အသက်ရှည်စွာ အနာမဲ့ရေး(၁၈)

ဒေါက်တာလွင်ကို

"ဆရာရေ ကျွန်တော့်ကို အကြံပြုပါဦးခင်ဗျာ၊ ဆီးချို ရှိ၊ မရှိ အကြိမ်ကြိမ် အထပ်ထပ်စစ်တာ နံနက်စာ မစားမီရော အချိန်မရွေး ကောက်စစ်တာရော ဆီးချိုရှိကြောင်း သေချာတယ်။ သို့သော် 190-200 mg%လောက်တဲ့၊ အဆိုးကြီးမဟုတ်ဘူးလို့ သိရပါတယ်" ဦးဆန်းအောင်က ဆိုလာပါသည်။

"ဟုတ်ကဲ့၊ အဆိုးကြီးတော့ မဟုတ်ပါဘူး၊ မိသားစုဆရာဝန်နဲ့ ဆက်ပြပြီး ကုသမှုခံယူပါ။ ဒီနေ့ခံယူချက်က ဆီးချိုရောဂါအတွက် သက်တမ်းမတိုစေရလို့ ဆရာဝန်တွေ နားလည်လက်ခံထားပါတယ်"

"ဟုတ်ကဲ့ပါဆရာ၊ ဆရာကလည်း ကျွန်တော့်မိသားစုရဲ့ အတိုင်ပင်ခံပါ။ ကျွန်တော်က တိုင်းရင်းဆေး စားချင်လို့ ဆရာနဲ့ဆွေးနွေးတာပါ။ ကျွန်တော့်မိတ်ဆွေတချို့က နနွင်းခါးဆေးစားရင် ဆီးချိုရော၊ သွေးတိုးပါ ကောင်းတယ်ဆိုလို့ စားနေပါတယ်"

"ကောင်းပါတယ် ဦးဆန်းအောင်၊ နနွင်းရော၊ နနွင်းခါးရော ဆေးဘုရင်တွေပါပဲ။ ဆက်သာစားပါဗျာ"

"ဆရာကြီး ဦးသာဂဒိုးရဲ့စာတွေထဲမှာ ပျားရည်ခြောက်ခန်းခြင်းတို့၊ ဓာတ်ပျော့ဓာတ်ဖောက်ခြင်းတို့ ဖြစ်ပြီဆိုလျှင် သူထိန်းထားသည့် နနွင်းခါးမှာ သေဆေးပမာ ဖြစ်သွားရတတ်တယ်လို့ ဖော်ပြထားတဲ့အပြင် သူ့ဇနီးတောင် ဒါ့ကြောင့် ကိုယ်တစ်ခြမ်းသေဘာဝ ရောက်သွားရတယ်ဆိုပဲ၊ ဆရာလည်း ဖတ်ပြီးရောပေါ့"

"ဖတ်ပြီးပါပြီဗျာ၊ ဖတ်ပြီးတော့ နနွင်းခါးအကြောင်း ကိုယ်တိုင်ဆေးဖော်နေတဲ့ ဆရာကြီးတွေကို ပျားရည်ရဲ့ သဘောသဘာဝနဲ့ အာနိသင်အကြောင်း မေးပြီးပါပြီ။ နနွင်းခါးကို ပျားရည်မပါဘဲ ဖော်ထားတဲ့ ဆေးတွေလည်း ရှိပါတယ်တဲ့၊ ပျားရည်ဆိုတာကလည်း ဘယ်လောက်ကြာကြာထားထား လျော့သွားခြင်း၊ ပုရွက်ဆိတ်တက်ခြင်း၊ အခြားပိုးဝင်ခြင်း၊ ဓာတ်ပျက်ခြင်း၊ ဓာတ်ပြယ်ခြင်းမဖြစ်တဲ့ ဆေးဖက်ဝင် အံ့ဩဖွယ် ဆေးအရည်ဖြစ်တယ်တဲ့။ ဦးလေးဒိုးနဲ့ အန်တီအေးကိစ္စက တိုက်ဆိုင်မှု ဖြစ်ပါလိမ့်မယ်တဲ့"

"ဆရာ့အမြင်ကရော ဆရာ"

"ကျွန်တော်က အနောက်တိုင်း ဆေးပညာရှုထောင့်ကနေ ကြည့်ပြီး စုံထောက်လို စဉ်းစားကြည့်တော့ အန်ကယ်ဒိုးရဲ့ဇနီး အန်တီအေးမှာ ယခင်ကတည်းက သွေးတိုး၊ သို့မဟုတ် ဆီးချို၊ သို့မဟုတ် နှစ်မျိုးလုံး ရှိပါလိမ့်မယ်။ ဒါ့ကြောင့် နနွင်းခါးဆေး စားတာပေါ့၊ ဆွမ်းထအချက်မှာ ဇက်ကြောတက်ပြီး ခေါင်းမထူချင်လောက်အောင် မူးနေပါလိမ့်မယ်၊ ဒါ့ကြောင့် ဆေးစားချိန်မဟုတ်ဘဲ ဆေးယူစားတာပါ။ ဆေးကလည်း ပုံမှန်မစားဖြစ်ဘူးလို့ ယူဆနိုင်ပါတယ်။ ဒါ့ကြောင့် ဆေးမစားမီ အချိန်ကပင် ဦးနှောက်သွေးကြောထဲက သွေးယိုစိမ့်ထွက်နေပါပြီ။ အဲဒီ အခြေအနေမျိုးမှာ ဦးနှောက်တွင်းမှာ ဖိအားများလာပါတယ်၊ (Increased Intracranial Pressure)လို့ ခေါ်ပါတယ်။ အဲဒီလို ဦးနှောက်တွင်း ဖိအားများလာတဲ့ အခြေအနေတိုင်းမှာ မလွဲမသွေ အန်တတ်ပါတယ်။ အန်တာမှ ရိုးရိုးအန်တာ မဟုတ်ပါဘူး၊ အန်ကယ်ဒိုး ပြောသလို ဆေးကျွေးလို့ အန်သလိုပဲပေါ့ (Projectile vomiting)လို့ ခေါ်ပါတယ်"

"အဲ့ဒါကို သက်သေထူတာကတော့ သွေးတိုင်းတဲ့အခါ 230/115 mmHg ဖြစ်နေတယ်ဆိုပဲ၊ ညအိပ်ရာ မဝင်ခင်ကတည်းက သွေးတက်နေပါလိမ့်မယ်။ သွေးတက်လွန်လို့ ဦးနှောက်သွေးကြောထိတယ်၊ မူးမယ်၊ ဇက်ကြောတက်မယ်၊ နောက် အန်မယ်၊ အဲဒီဖြစ်စဉ်ထဲမှာ နနွင်းခါး ကြားညပ်သွားတာပါ ဦးဆန်းအောင်ရယ်။ တစ်ပတ်လောက် စားပြီးပြီပဲ၊ ဆေးမတည့်တဲ့ လက္ခဏာမှမရှိဘဲ ဆက်သာစားပါ။ အနောက်တိုင်းဆေး/တိုင်းရင်းဆေး ဘယ်ဆေးဖြစ်ဖြစ် သူနဲ့တည့်ပေမယ့် ကိုယ်နဲ့မတည့်တာတော့ ရှိတတ်ပါတယ်။

"ကျွန်တော် အကြံပြုချင်တာက မြန်မာဆေးအဖုံကို မှန်မှန်စားစေချင်ပါတယ်။ တစ်မျိုးတည်းဖော်တဲ့ "မြစ်"ချင်းပြီးဆေးတွေက ဓာတ်ညှိမပေးနိုင်ပါဘူး၊ အဖုံဆေးကသာ ပါဝင်တဲ့ဆေးအမယ်အချင်းချင်း ဓာတ်ညှိပေးတဲ့အပြင် ခန္ဓာကိုယ်ရဲ့ ဇီဝဖြစ်စဉ်နဲ့ ဓာတ်ညှိပေးလေ့ရှိတာဗျ"

"ဟုတ်ကဲ့ပါ၊ ဆီးချိုရောဂါနဲ့ပတ်သက်ပြီး ဆေးဖက်ဝင်အပင်များကိုလည်း သိပါရစေ"

"ဒါကတော့ ကျွန်တော့်ထက် နှံ့စပ်တဲ့ ဦးလေးချောတို့ ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါတယ်"

"ကျွန်တော်တို့ ကြားဖူးတာကတော့ ဆူးဖြူပင်၊ ပြည်ပန်းညို၊ ညောင်သပြေ၊ ညောင်ဗောဓိ၊ ကုန်းသပြေ၊ သပြေကြက်ခြေ၊ သဘော်လက်ပံ၊ ကင်းပုံ၊ ကြက်ဟင်းခါး၊ ပိုးစာ၊ ကြက်လည်ဆံ၊ ဆင်တုံးမနွယ်၊ ဆင်နှာမောင်းကြီး၊ ဆေးခါးကြီး၊ နနွင်းခါး၊ ဒန္တသုခ၊ မြက်မုန်ညင်းစသည်ဖြင့်ပေါ့။ ဆီးချိုအတွက် ကောင်းတယ်လို့တော့ ကြားဖူးပါတယ်။ ဘယ်အချိန်အဆနဲ့ စားရမယ်ဆိုတာတော့ ကျွန်တော် အတတ်မပြောနိုင်သလို ဝေဒနာရှင် တစ်ယောက်နဲ့တစ်ယောက် အတွက်လည်း တူမှာမဟုတ်ဘူး ထင်ပါတယ်"

"ကျွန်တော် ကြားဖူးတာ ထပ်ဖြည့်ပါရစေ"

ဟု ဦးလေးတင်အေးက ဆိုပါသည်။

"ခွေးတောက်၊ သဘော်မည်ှိုး၊ ကန့်ချုပ်နီ၊ ဖန်ခါး၊ ပျားမိးစွဲ၊ ရှမ်းဆေးခါး၊ ပုတီးဖြူ၊ နဂါးမောက်တို့လည်း ဆီးချိုအတွက် တစ်ရွာတစ်ပုဒ်ဆန်း သုံးနေကြတာခင်ဗျာ့"

"ကျေးဇူးတင်ပါတယ် ဦးလေးတို့ခင်ဗျာ။ အခု ဦးဆန်းအောင်ရဲ့ သွေးချိုက အချိန်မရွေးစစ်တာ သကြားဓာတ် 160-200 mg% ပတ်ဝန်းကျင်မှာဆိုတော့ သာမန်လူတွေမှာရှိရမယ့် ပမာဏထက် နည်းနည်းပိုပါတယ်။ လူကောင်းတွေမှာ 90- 180mg% အတွင်းမှာ ရှိတတ်ပြီး အစာမစားဘဲစစ်ရင် 100-110mg% လောက်ရှိသင့်ရာမှာ၊ အစာစားပြီး စစ်ရင်တောင် 160-170 mg% လောက် ရှိတတ်ပါတယ်၊ ဆီးချိုဝေဒနာရှင် တချို့မှာတော့ 400-500-600 mg% အထိ တက်တာတွေလည်း ရှိတတ်ပါတယ်။ **ဒီတော့ မြန်မာတိုင်းရင်းဆေးစားစား၊ အနောက်တိုင်းဆေးစားစား နားလည်တတ်ကျွမ်းတဲ့သူနဲ့ သေသေချာချာ တိုင်ပင်စစ်ဆေးပြီးမှ ဆေးအချိန်အဆကို စားသင့်ပါတယ်၊ ဆီးချိုဝေဒနာရှင်တိုင်းဟာ အစားအသောက် ဆင်ခြင်သင့်ပါတယ်"**

"ဟုတ်ပါပြီဆရာ၊ ကျွန်တော်တို့ သိသလိုရှိပေမယ့် ပိုပြီးရှင်းသွားအောင် အစားအစာကိစ္စ ဆရာပဲ ဆက်ဆွေးနွေးပေးပါ"

"ကျွန်တော်တို့ စားနေကြတဲ့အစာထဲမှာ အဆီဓာတ်၊ အသားဓာတ်၊ ကစီဓာတ်ဆိုပြီး ရှိတဲ့အနက်က ဆီးချိုဝေဒနာရှင်ဟာ အဆီ 30%၊ အသား 30% နဲ့ ကစီ 40% လောက် စားသင့်ပါတယ်။

"သွေးချို၊ ဆီးချိုရှိတဲ့သူကတော့ သကြား၊ ကြံသကာ၊ ထန်းလျက်စသည်ဖြင့် အချိုများသောအစာများ၊ အချိုနဲ့လုပ်ထားသော မုန့်များကို ရှောင်ကြဉ်ရပါမယ်။ ကျွန်တော်တို့ မြန်မာတွေ ကြိုက်တတ်တဲ့ ကစီဓာတ်များတဲ့ ထမင်း၊ မုန့်ဟင်းခါး၊ မုန့်တီနဲ့ ဂျုံနဲ့လုပ်တဲ့ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာတို့အပြင် အာလူး၊ ကန်စွန်းဥ၊ ပိန်းဥလို ဥမျိုးများအပြင် အချိုဓာတ်လွန်ကဲတဲ့ အသီးများကို ရှောင်/လျှော့စားရပါမယ်။ ပဲအမျိုးမျိုးကိုတော့ ပုံမှန်စားပြီး ဟင်းသီးဟင်းရွက်ထဲက ရှောက်၊ သံပရာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆလတ်ရွက်၊ နံနံပင်၊ မှို၊ ဒန့်သလွန်ရွက်၊ ကြက်ဟင်းခါး၊ ခွေးတောက်၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ကျောက်ဖရုံစသည်ဖြင့် စိတ်တိုင်းကျ များများစားနိုင်ပါတယ်။ အသားငါးထဲကတော့ အသားချည်းသက်သက်နဲ့ ငါး၊ ပုစွန်တို့နဲ့ သင့်တာပေါ့။ အဆီအနေနဲ့စဉ်းစားရင် ကျွန်တော်တို့ နယ်တွေမှာ စားနေကျ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ စားလို့ရပါတယ်"

"ဟုတ်ပါပြီဆရာ၊ မြန်မာဆေးလည်း ညွှန်းပါဦး၊ ဆရာ့အတွေ့အကြုံ ဆီးချိုဝေဒနာရှင်များရဲ့ ပွဲတင်သံကိုပေါ့ ဆရာရယ်။ ကျွန်တော် တစ်ခါမေးဖူးတဲ့ Evidence base ဆန်ဆန်ပေါ့"

"ဦးဆန်းအောင်ရေ အင်္ဂလိပ်ဆေးမှာလည်း ဆီးချိုဝေဒနာရှင်များအတွက် ဆေးအမျိုးမျိုးအထွေထွေ ရှိကြသလို မြန်မာတိုင်းရင်းဆေးမှာလဲ ဆီးချိုအတွက် ဆေးအဖုံဖုံ ရှိကြပါတယ်။

**"မိမိနဲ့ ဘယ်ဆေးနဲ့ သင့်လျော်တယ်၊ ဘယ်အချိန်အဆနဲ့ သင့်လျော်တယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး ကွဲပြားလေ့ ရှိတတ်ပါတယ်။ ဒီတော့ ဆီးချိုဝေဒနာရှင်များနဲ့ သင့်လျော်တာတော့ မိသားစုဆရာဝန် ထားခြင်းပါပဲ၊ မိသားစုဆရာဝန်က ဆီးချိုပါရဂူ မဟုတ်ခဲ့ရင် ပါရဂူတစ်ဦးဦးနဲ့ တိုင်ပင်ပြီး ကုပေးရင် အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ အကြံပြုချင်ပါတယ်။ မိမိကိုယ်တိုင်ကလည်း ရောဂါအကြောင်း ဆောင်းပါးများ ဖတ်ထားပြီး ရှောင်ရန်၊ ဆောင်ရန်တွေကို သိရပါမယ်"**

"ဟုတ်ကဲ့ လိုက်နာပါ့မယ်၊ ဆရာ့ရဲ့ တိုင်းရင်းဆေး အတွေ့အကြုံ ဗဟုသုတလေး ကြားပါရစေ"

"ဒီလိုရှိပါတယ် ဦးဆန်းအောင်ရယ်။ ၂၀၀၂ ခုနှစ် တိုင်းရင်းဆေးညီလာခံမှာ တင်သွင်းတဲ့ သုတေသနလုပ်ပြီး ဆွေးနွေးချက်ကလေးကို ဥပမာပြပါမယ်၊ သုတေသီက 'Study on action and side effect of anti-diabetic traditional medicine avilable in the market' (ဈေးကွက်တွင်ရှိသော ဆီးချိုဆေးများ၏ အာနိသင်နှင့် ဘေးထွက်ဆိုးကျိုးကို လေ့လာခြင်း)လို့ ဘာသာပြန်ရမယ့် လေ့လာမှုတစ်ခု လုပ်ခဲ့ပါတယ်။

"ရွှေဘုရင်၊ မင်္ဂလာ၊ နံ့သာနီနဲ့ ဒန္တသုခဆိုတဲ့ ဆီးချိုဆေးတွေကို TM-A, TM-B, TM-C, TM-D နံပါတ်တွေ အစဉ်လိုက်မဟုတ်ဘဲ လျှို့ဝှက်စွာပေးပြီး စမ်းခဲ့တဲ့ တွေ့ရှိချက်ကလေးတွေကို ပြပါ့မယ်၊ အတိုချုပ်ပေါ့ဗျာ။

"ဒီဇယားနှစ်ခုက ဆီးချိုရောဂါမရှိတဲ့ လူသုံးယောက်ကို နံနက်စာထမင်းတစ်ပန်းကန်စီ ကျွေးပြီး တစ်နာရီအကြာမှာ ဆေးတိုက်၊ နောက်တစ်နာရီတစ်ခါ သွေးထဲမှာရှိတဲ့ သကြားဓာတ်ကို ငါးနာရီတိတိ ဆက်တိုက်တိုင်းထားတာ၊ ဇယား(၁)က ဆေးပြား ငါးပြားကျွေးတဲ့ (Result)အဖြေ၊ ဇယား(၂)က ဆေးပြား ၁၀ ပြားကျွေးထားတဲ့ (Result)အဖြေ၊ သုံးတဲ့ဆေးက TM-B ပါ။





"ဆေးပေးလိုက်လို့ သွေးထဲမှာရှိတဲ့ သကြားဓာတ်က တစ်နာရီထက်တစ်နာရီ နည်းနည်းချင်း ပိုကျလာတာတွေ့ရပါတယ်။ ဆေးငါးပြားပေးတာနဲ့ ၁၀ ပြားပေးတာ သိပ်မထူးခြားတာ တွေ့ရပါတယ်။

"ဟောဒီ အောက်ပုံကတော့ ဆီးချိုဝေဒနာရှင် နှစ်ယောက်ကို ဆေးငါးပြား။ တစ်နေ့သုံးကြိမ် တစ်လတိုက်ပြီး လေ့လာထားတာပဲ"




"ဒီဇယားကိုကြည့်ရတာ ဒီဆေးက အစွမ်းထက်တာပဲနော်။ Blood Suger Level ကျလာတယ်။ ဘာဆေးလဲ ဆရာ"

"မြန်မာဆေးတစ်ဖုံပေါ့ ဦးဆန်းအောင်၊ စမ်းသပ်ဆေး လေးမျိုးထဲက တစ်မျိုးမျိုးတော့ ဖြစ်မှာပေါ့"

"နနွင်းခါးပါလား ဆရာ၊ နနွင်းခါးမှာရော ဘေးထွက်ဆိုးကျိုးရှိလား"

"ပါနိုင်တာပေါ့ ဦးဆန်းအောင်ရယ်။ (Mahidol University Annual Research Abstracts 2000-459 'Effect of Curcuma Comosa Extract on male fertitity in rats,)ဆိုတဲ့ စာတမ်းမှာတော့ နနွင်းကို (Hexane extract) အနှစ်ထုတ်ယူပြီး ကြွက်ရဲ့ အစာအိမ်ထဲကို 500 mg/kg Bw ထည့်ပြီး စမ်းသပ်မှု ပြုလုပ်ခဲ့ရာမှာ ခုနစ်ရက်ကြာတော့ ကြွက်တွေရဲ့ (Testis) မျိုးဥသေးသွားတယ်၊ (Prostate) ဆီးကျိတ်သေးသွားတယ်။ (Sparm) မျိုးပွားကောင်ရေနဲ့ သူတို့ရဲ့လှုပ်ရှားမှုကျသွားတာ တွေ့ရတယ်တဲ့"

"ဟာဆရာ ကြောက်စရာပါလား"

"မကြောက်ပါနဲ့ ဦးဆန်းအောင်ရယ်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုလက်စထရော (Triglyceride)ကိုလည်း လျှော့ချပေးတော့ နှလုံး၊ ဦးနှောက်အဆီပိတ်ပြီး သွေးမလျှောက်တဲ့ ရောဂါကြီးနဲ့ အသက်အန္တရာယ်တော့ ကောင်းကောင်း ကာကွယ်ပါတယ်၊ အသက်ထက်အရေးကြီးတာ ဘာရှိသေးလဲဗျာ၊ အသက်(၆၅)နှစ်လောက်ဆိုတော့ ဆီးကျိတ်ကြီးမှာတောင် ကာကွယ်ပေးပါသေးတယ်၊ နောက်ပြီး ကျွန်တော်တို့ အလှူအတန်းပြုတိုင်း-

"ဣဒံမေပုညံ၊ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ဣဒံမေဒါနံ အာသဝက္ခယံ၊ ဝဟံဟောတု" ဤပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့သည် အာသဝေါတရားတို့၏ ကုန်ရာ၊ ခန်းရာ၊ ငြိမ်းရာ၊ ချုပ်ရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏လို့ ဆုတောင်းလေ့ရှိပါတယ်ခင်ဗျာ။ ဒီတော့ နနွင်းခါးပါတဲ့ ဆေးဖုံဟာ ဦးဆန်းအောင်၊ ဦးလေးချော၊ ဦးလေးတင်အေးတို့လို (၆၅) ပတ်ဝန်းကျင် ဆီးချိုဝေဒနာရှင်များအတွက် အသက်ရှည်စွာအနာမဲ့ရေး ဆေးတစ်ခွက်ဖြစ်တဲ့အပြင် ဆုတောင်းတစ်ခု ပြည့်ပြီးသားဖြစ်မှာပါ"

"မှန်လိုက်လေ ဆရာရယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"



အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူ လ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက် လုပ်ရန် အ တွက် နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်နေ ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)–ဇနီးဒေါ်ခင်ဌေးကြည် အထပြ(ငြိမ်း) နှင့် သားသမီး၊ မြေးတစ်စုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

# တာကော်အက်–မိုင်းပတ်–ပန်ဆန်းလမ်း ကတ္တရာခင်း ပွင့်လင်းရာသီတွင် အပြီးသတ်ဆောင်ရွက်နိုင်ရေးစီစဉ်

ရန်ကုန် နိုဝင်ဘာ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်မှုများအား စစ်ဆေးရန်တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက လားရှိုးမြို့မှတစ်ဆင့် တန့်ယန်းမြို့နယ် ဝိန်းကောင်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိခဲ့ရာ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဝိန်းကောင်)တွင် ၂၀၀၆–၂၀၀၇ ခုနှစ် တာကော်အက်–မိုင်းပတ်–ပန်ဆန်းလမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များအား စီမံကိန်းညွှန်ကြားရေးမှူး ဦးရဲနိုင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီးဦးဝင်းရွှေတို့က ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လမ်းစံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်ပြီးစီးရေး၊ အလေအလွင့်မရှိရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အား အသေးစိတ်ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။



နိုဝင်ဘာ ၂၁ ရက်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် တာကော်အက်–မိုင်းပတ်–ပန်ဆန်းလမ်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ယခုနှစ် ကတ္တရာခင်းထားရှိမှု အခြေအနေ၊ လက်ရှိကတ္တရာလောင်းနေမှုအခြေအနေ၊ ကျောက်ကြိတ်ခွဲထုတ်မှုအခြေအနေများအား အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လမ်းလုပ်ငန်း ဆောင်ရွက်နေသည့် ဒေသခံလုပ်ငန်းခွင် တာဝန်ခံများနှင့် တွေ့ဆုံအားပေးစကား ပြောကြား၍ အမှတ်တရ လက်ဆောင် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

တာကော်အက်–မိုင်းပတ်–ပန်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ဒေသခံလူထုနှင့် ပူးပေါင်း၍ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ကတ္တရာခင်းရန် ၆၇ မိုင်၊ ၆ ဖာလုံအနက် ၂၀၀၆ ခုနှစ် ဇွန်လကုန်အထိ မိုင်၅၀၊ ၂ ဖာလုံအား ကတ္တရာခင်းပြီး ဖြစ်သည့်အတွက် ယခုနှစ်ပွင့်လင်းရာသီတွင် ကျန် ၁၇ မိုင်၊ ၄ ဖာလုံအား အပြီးသတ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**အန္တရာယ်ကင်းရှင်းရေး**

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပန်ဆန်းမြို့မှ ပြန်လည်ထွက်ခဲ့ရာ နေ့လယ်ပိုင်းတွင် မန်မန်ဆိုင်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး မိုင်းပတ်နှင့် မန်မန်ဆိုင် ကျေးရွာအကြား ကတ္တရာလမ်းပိုင်းများ ပြင်ဆင်မှုအခြေအနေအား လိုက်လံစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များ ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

၂၇–၁၁–၂၀၀၆ (တနင်္လာနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရား မြဲရှောင်ရှား) |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | ဖူးမြော်ကြည်ညိုဖွယ်ရာ အောင်ဆုပြည့်ကြောင်း ရှစ်သောင်းလေးထောင် စေတီတော်မဟာ |
| ၇:၃၅ | တေးဂီတအစီအစဉ် |
| ၇:၄၀ | Music Talk (ထရမ်းပက်ဝင်းဦး) (ဗိုလ်ကလေးတင့်အောင်နှင့် ဒေါက်တာဇော်သန်း) |
| ၈:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၁၀ | ရတနာရွှေသိုက် |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | သာဓုခေါ်စေသော်ဝ် အလင်းအလှူတော် |
| ၈:၄၀ | တေးဂီတအစီအစဉ် |
| ၈:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၅၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၂၀ | သစ်သီးပန်းပုလက်မှုအနုပညာ |
| ၉:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၅ | အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ |
| ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ | ပြည်တွင်းအနုပညာရေးရာ |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၅ | သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညို |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | မြင်ကွင်းများကြည်လင်စေဖို့ |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



**တာမွေ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်မြောင်းကြီး (စံပြ) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာ စောင်၊ ဓာတ်ပုံပြပွဲ ဟောပြောပွဲကို နိုဝင်ဘာ ၂၄ရက်က သီတာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိန်မောင်ဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးမောင်ညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၇)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ကိုရီးယားခရီးသွားဆောင်းပါး(ကင်မီလီယာ၏ ချစ်ခြင်းဒဏ္ဍာရီများ)၊ ကိုရီးယားဒရာမာကဲ့သို့ ရုပ်သံဇာတ်လမ်းတွဲများရိုက်ကူးနိုင်မည့် ပုဂ္ဂလိက ရုပ်သံစတူဒီယို မြန်မာနိုင်ငံတွင် မကြာမီဖွင့်လှစ်မည်၊ ဥရောပသဘော်လိုင်း Louisက မြန်မာအင်ဂျင်နီယာများ ရသလောက်ခေါ်မည်၊ မြန်မာ့ကော်ဖီကို ကမ္ဘာကျော် ကော်ဖီအရောင်းအဝယ်လုပ်ငန်းမှ ကမ်းလှမ်း စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်လာသည်။

ဘောလုံးအားကစားနဲ့ အသားအရောင်ခွဲခြားမှုပြဿနာ၊ ပေကျင်းတွင် ယာဉ်ကြောပိတ်ဆို့မှုကို မြေအောက်ကားလမ်းဖြင့်ဖြေရှင်းမည်ဟုဆို၊ သုဝဏ္ဏဘူမိလေဆိပ် တရားဝင်ဖွင့်လှစ်ရေး ခြောက်လရွှေ့ဆိုင်းဖွယ်ရှိ၊ ပြည်ကြီးသူရေသူမလေး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က–ပ)**

# ဆာဟာ မန်ယူအတွက် အဖွင့်ဂိုးသွင်း ကာဗယ်ဟို ချယ်လ်ဆီးအတွက် ချေပ

**လန်ဒန် နိုဝင်ဘာ ၂၆**

မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့သည် အိုးထရက်ဖို့ဒ်၌ နိုဝင်ဘာ၂၆ရက် ညပိုင်းက ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက ပထမပိုင်းတွင် တစ်ဂိုး–ဂိုး မရှိသွင်းပြီး ချယ်လ်ဆီးကို ဦးဆောင်ကစားနိုင်ခဲ့သည်။

**အားဖြည့်ထား**

မန်ယူအသင်းတွင် ဂိုး–ဗန်ဒါဆာ၊ နောက်တန်းတွင် ဖာဒီနန်နှင့် ဗီဒစ်တို့အတွဲကို အထိုင်ချပြီး ကွင်းလယ်တွင် ဝါရင့်ကစားသမား ရိုင်ယန်ဂစ်နှင့် ပေါလ်စခိုးလ်တို့ဦးဆောင်ခဲ့သည်။ ရှေ့တန်းတွင် ရွန်နေ၊ ဆာဟာနှင့် စီရိုနယ်ဒိုတို့အတွဲဖြင့် အားဖြည့်ထားသည်။



**မန်ယူတိုက်စစ်မှူး ဆာဟာ** (ဝဲ) **ဤသို့ အဖွင့်ဂိုးသွင်းယူခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးတွင်လည်း အသင်းခေါင်းဆောင် ဂျွန်တယ်ရီက နောက်တန်းဦးဆောင်ကစားပြီး ကွင်းလယ်တွင် မိုက်ကယ်ဘောလက်၊ လမ်းပတ်တို့ပါဝင်ခဲ့သည်။ ချယ်လ်ဆီး ရှေ့တန်းတွင် ဒရော့ဘာနှင့် ရှက်ဗ်ချင်ကိုတို့အတွဲကို မော်ရင်ဟိုက ပွဲထုတ်ခဲ့သည်။

ပွဲစသည်နှင့် တစ်သင်းနှင့်တစ်သင်း အမှားအယွင်းမခံဘဲ အပြန်အလှန်ထိုးဖောက်ကစားခဲ့သည်။ နှစ်ဖက်စလုံး ခြေစွမ်းတူကြသဖြင့် မည်သည့်အသင်းက ဂိုးစသွင်းမည်ကို အိုးထရက်ဖို့ဒ်၌ ဘောလုံးပရိသတ်များက ရင်တမမ စောင့်ကြည့်အားပေးခဲ့ကြသည်။

ပွဲအစတွင် အကြိတ်အနယ်ရှိလှ၍ တစ်ဖက်နှင့်တစ်ဖက် အနည်းငယ်ကြမ်းတမ်းစွာကစားခဲ့သော်လည်း ဒိုင်လူကြီးက အဝါကတ်မပြဘဲ ပွဲကိုထိန်းထားကာ အကောင်းဆုံးယှဉ်ပြိုင်မှုဖြစ်စေရန် ဆုံးဖြတ်ခဲ့ကြသည်။

**ကာကွယ်ဖျက်ထုတ်**

ပွဲချိန်မိနစ်၂၀အကျော်မှစ၍ မန်ယူအသင်းသည် ချယ်လ်ဆီးကို သိသိသာသာ ဖိကစားလာသည်။ ချယ်လ်ဆီး နောက်တန်း၊ အလယ်တန်းကစားသမားများအားလုံးနီးပါး ချယ်လ်ဆီးဂိုးဘက်တွင် စုပြုံ ကာကွယ်ဖျက်ထုတ်နေကြရသည်။

ထိုအချိန်တွင် မန်ယူ အလယ်တန်းက အလျင်မြန်ဆုံး တိုက်စစ်မှြင့်၍ ကစားလာသကဲ့သို့ မန်ယူနောက်တန်းမှလည်း ချယ်လ်ဆီး တိုက်စစ်မှူးများ ဂိုးပေါက်တည့် ကန်ခွင့်မရအောင် အဝေးဘော၊ အနီးဘောများဖြင့် ချယ်လ်ဆီးဘက်သို့ ပို့ပေးနိုင်ခဲ့သည်။

ပွဲချိန် ၃၅ မိနစ်အကျော်တွင် မန်ယူတို့ တစ်သင်းလုံး ဖိကစားလာသည်။ ပွဲချိန်၂၉မိနစ်တွင် ရွန်နေ အမှတ်မထင်ဖြတ်ပို့လိုက်သော ဘောလုံးမှတစ်ဆင့် တိုက်စစ်မှူးဆာဟာ ဘောလုံးရသွားပြီး အနည်းငယ်ဆွဲပြေးပြီးတန့်၍ ဘယ်ခြေဖြင့် ချယ်လ်ဆီး နောက်တန်းကစားသမားများ ဘေးမှ ဝိုက်ကန်လိုက်ရာ ဘောလုံးမှာ အကောင်းဆုံးအနေအထားဖြင့် တိုးဝင်သွားပြီး ချယ်လ်ဆီးဂိုးတိုင်ကိုထိကာ ဂိုးဝင်သွားခဲ့သည်။

ယင်းဂိုးဝင်သွားချိန်တွင် မန်ယူနည်းပြဖာဂူဆန်နှင့် မန်ယူပရိသတ်ကြီးအားလုံး သောသောညံအောင် ကွင်းလုံးပြည့် အားပေးခဲ့ကြသည်။ သို့အတွက်ကြောင့် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုနှင့် ချယ်လ်ဆီးပရိသတ်မှာ ငိုင်ကျသွားသည်။ ပထမပိုင်း ပွဲပြီးသည်အထိ ချယ်လ်ဆီးတို့ ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း ဂိုးမရဘဲ ပထမပိုင်းပြီးသွားသည်။

**ဒုတိယပိုင်း**

ဒုတိယပိုင်းပြန်စချိန်တွင် ချယ်လ်ဆီးတို့ ချေပဂိုးသွင်းနိုင်ရေး ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန်၆၉မိနစ်၌ လမ်းပတ်၏ ထောင့်ကန်ဘောမှ တစ်ဆင့် ကာဗယ်ဟိုက ခေါင်းတိုက် ချေပဂိုးသွင်းယူခဲ့သည်။

မန်ယူတို့ ပထမပိုင်းတွင် ချယ်လ်ဆီးထက်ကောင်းအောင် ကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ အဝေးကွင်းတွင် ထိုက်တန်စွာ တစ်မှတ်ရယူနိုင်ခဲ့သည်။

ပွဲစဉ်(၁၄)အပြီးတွင် မန်ယူက ရမှတ် ၃၅မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေပြီး ချယ်လ်ဆီးက ၃၂မှတ်ဖြင့် ဒုတိယနေရာမှလိုက်နေသည်။

**အခြားပွဲရလဒ်များ**

| | | | | |
|---|---|---|---|---|
| **ဘော်လ်တန်** | ၃ | – | ၁ | **အာဆင်နယ်** |
| **နယူးကာဆယ်** | ၁ | – | ၀ | **ပို့မောက်** |
| **တော့တင်ဟမ်** | ၃ | – | ၁ | **ဝီဂန်။** (အင်တာနက်) |

**သတင်းမြင်ကွင်း–မြင့်စိုး**

# ကမ္ဘာတစ်လွှား အားကစား

## ချန်ပီယံဘိုင်ယန်မြူးနစ်နှင့် ဝါဒါဘရီမင်တို့ နိုင်ပွဲရသည့် ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၄)

ရေးသားတင်ပြသူ — မြင့်မောင်စိုး

ဘာလင် နိုဝင်ဘာ ၂၆

**ဂျာမနီ ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၄)ပြိုင်ပွဲများကို နိုဝင်ဘာ ၂၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ထိပ်ပိုင်းအသင်းများဖြစ်ကြသည့် ဝါဒါဘရီမင်နှင့် ဘိုင်ယန်မြူးနစ်တို့ ပြိုင်ဘက်အသင်းများအပေါ် ယှဉ်ပြိုင်အနိုင်ယူပြီး ရမှတ် ထပ်တိုးခဲ့ကြသည်။**

ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ကျင်းပလာခဲ့သည်မှာ ပွဲစဉ်(၁၄)ပြီးဆုံးခဲ့ချိန်တွင် ရှော်လ်ကေးအသင်းသည် ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးပြီး ရမှတ် ၂၉မှတ်ဖြင့် အမှတ်ပေးဇယားတွင် နှစ်ပတ်ဆက်တိုက် ဦးဆောင်လျက်ရှိသည်။

ဝါဒါဘရီမင်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် ချန်ပီယံလိဂ်တွင် အဓိကထားယှဉ်ပြိုင်နေရသည့်အတွက် နှစ်စပိုင်းတွင် ခြေစွမ်းမပြနိုင်ခဲ့သော်လည်း နောက်ပိုင်းပြိုင်ပွဲများတွင် ခြေမှန်ရပြီး ပြိုင်ဆိုင်မှုအားကောင်းလာသည်။



ဟမ်းဘတ်အသင်းမှ ဗန်ဒါဗတ် (ဝဲ) နှင့် ဘိုင်ယန်မြူးနစ်မှ ရှဝိန်စတိုက်ဂါတို့ ဤသို့ အကြိတ်အနယ် ဘောလုံးယှဉ်လုခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

### ဟမ်းဘတ်-ဘိုင်ယန်မြူးနစ်

ထိုနေ့က ဘိုင်ယန်မြူးနစ်အသင်းသည် အဝေးကွင်း ကစားခဲ့ရသော်လည်း အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သည်။ သို့သော်လည်း ဟမ်းဘတ်တို့က ပွဲစပြီး ၁၈မိနစ် အကြာတွင် ဗန်ဒါဗတ်က ပယ်နယ်တီဖြင့်ဦးဆောင် ဂိုးသွင်းယူခဲ့သည်။

### ပိတ်ဆို့ကစားခဲ့

ယင်းဂိုးဖြင့် ဟမ်းဘတ်တို့ အိမ်ကွင်းရလဒ်ကောင်းတစ်ခု အဖြေရှာရန် ကြိုးစားခဲ့ရာ ပထမပိုင်းပြီးသည့် အထိ ဘိုင်ယန်မြူးနစ်ကို ဂိုးမပေးဘဲ ပိတ်ဆို့ကစားခဲ့သည်။

သို့သော်လည်း ဒုတိယပိုင်းပြန်စချိန်တွင် ချန်ပီယံဘိုင်ယန်မြူးနစ်တို့ တိုက်စစ်အရှိန်မြှင့်လာပြီး ချေပဂိုးသွင်းယူရန် ကြိုးစားခဲ့ရာ မာကာဒေးက ပွဲချိန် ၅၆မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကြောင့် ဟမ်းဘတ်တို့ တစ်ဖန် အနိုင်ဂိုးသွင်းနိုင်ရေး အကွက်ဆင် ထိုးဖောက်ကစားလာပြန်သည်။ သို့သော်လည်း ခြေမှန်ရှိသော ဘိုင်ယန်မြူးနစ်တို့ အနိုင်ဂိုးသွင်းနိုင်ရေး တိုက်စစ်အား မြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၇၈ မိနစ်တွင် ပီဇာရိုက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲအပြီး ဘိုင်ယန်မြူးနစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အဝေးကွင်း သုံးမှတ် ရယူနိုင်ခဲ့သည်။

### နောက်မှလိုက်နေ

ဘိုင်ယန်မြူးနစ် အသင်းသည် ယခုနှစ်တွင် ဘွန်ဒက်စ်လီဂါပွဲစဉ် ၁၄ အပြီး ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊လေးပွဲရှုံးဖြင့် ရမှတ် ၂၆ မှတ် ရရှိထားပြီး အမှတ်ပေးဇယားတွင် ရှော်လ်ကေးနှင့် ဝါဒါဘရီမင်တို့နောက်မှလိုက်နေသည်။

### ဝါဒါဘရီမင်နိုင်

ထိုနေ့က ချန်ပီယံလိဂ်ပြိုင်ပွဲဝင် ဝါဒါဘရီမင်အသင်းသည် အိမ်ကွင်း၌ ဘီလီဖီးလ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ထိုက်ထိုက်တန်တန် သုံးမှတ် ရယူနိုင်ခဲ့သည်။

### ဖွေဆော်ဦးဂိုး

ပွဲစသည်နှင့် နှစ်သင်းစလုံး ဂိုးသွင်းနိုင်ရေးအတွက် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ဂျာမနီ တိုက်စစ်မှူး ကလိုဆေးက ပွဲချိန် ၂၉မိနစ်တွင် ဖွေဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။



ဟာသာဘာလင်အသင်းမှ ဒီဂျာဂတ် (ဝဲ) နှင့် အာချန်မှ လောရင့်ရှုတို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ကလိုဆေးသည် ကမ္ဘာ့ဖလားမှာကဲ့သို့ ချန်ပီယံလိဂ်နှင့် ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲများတွင်လည်း ခြေစွမ်းပြဂိုးသွင်းနေသူဖြစ်သည်။ ဒုတိယမြောက်ဂိုးကိုလည်း ၎င်းကပင် သွင်းယူပေးနိုင်ခဲ့သည်။

### အနိုင်ကစားပြ

ဝါဒါဘရီမင်အသင်းသည် ဘွန်ဒက်စ်လီဂါတွင် ခြေစွမ်းပြနေသော အသင်းကောင်းတစ်သင်း ဖြစ်သည်။ ပြီးခဲ့သော သီတင်းပတ်က အိမ်ကွင်း၌ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းကိုပင် အနိုင်ကစားပြနိုင်ခဲ့သည့် အသင်းဖြစ်သည်။

### ဒုတိယနေရာ

ဝါဒါဘရီမင် အသင်းအတွက် တတိယမြောက်ဂိုးကို ပွဲချိန် ၇၅မိနစ်တွင် ဟွတ်က သွင်းယူပေးနိုင်ခဲ့သည်။ ဝါဒါဘရီမင်အသင်းသည် ယခုနှစ်တွင် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ၁၄ပွဲကစားအပြီး ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးဖြင့် ၂၇မှတ်ရရှိကာ အမှတ်ပေးဇယား ဒုတိယနေရာမှလိုက်နေသည်။ ။

### အခြားပွဲရလဒ်များ

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၁ | - | ၁ | ဒေါ့မွန် |
| ဟန်နိုဗာ | ၁ | - | ၀ | မိန့်ဇ် |
| ဟာသာဘာလင် | ၂ | - | ၁ | အာချန်။ |

(အင်တာနက်)

## စပိန်လာလီဂါဘောလုံးပွဲစဉ်(၁၂)ယှဉ်ပြိုင် ဘာစီလိုနာတို့ ဗီလာရီးရဲကို လေးဂိုးပြတ်သွင်းအနိုင်ရ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် နိုဝင်ဘာ ၂၆

**စပိန်လာလီဂါဘောလုံးပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၂၅ ရက်က စတင်ကစားရာ ဘာစီလိုနာနှင့် ဗီလာရီးရဲတို့ပွဲတွင် ဘာစီလိုနာက လေးဂိုးပြတ်သွင်း အနိုင်ရရှိပြီး အက်သလက်တီကိုနှင့် ရီးရဲဆိုစီဒက်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။**

### ဘာစီလိုနာနှင့် ဗီလာရီးရဲ

အိမ်ကွင်း၌ ဘာစီလိုနာတို့ တစ်ဖက်သတ်ဖိကစားနိုင်ခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် ၁၂ ကြိမ်ရခဲ့သည်။ ဂိုးသွင်းခွင့် အခွင့်အရေးကောင်းများကို တိုက်စစ်မှူး ဂတ်ဂျွန်ဆင်နှင့် ရော်နယ်ဒင်ဟိုတို့ အပြည့်အဝ အသုံးမချနိုင်ခဲ့၍သာ ယခုထက် ဂိုးပြတ်အောင် မသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာတို့ ၄-၄-၂ ပုံစံဖြင့် ခင်းကျင်းကစားခဲ့ပြီး ကွင်းလယ်မှ ဒေကို၊ အီမာဆင်၊ ဂူလီနှင့်အီနေစတာတို့က အုပ်စုဖွဲ့တိုက်စစ်ဆင်ကစားခဲ့ရာ ဗီလာရီးရဲ နောက်တန်းခံစစ်မှူးများ အမှားအယွင်းများပြုလုပ်ခဲ့ရာမှ ပွဲချိန် ၃၅မိနစ်၌ ဘာစီလိုနာတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့သည်။ ၎င်း ပြစ်ဒဏ်ဘောကို ရော်နယ်ဒင်ဟိုကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ထို့နောက် ချေပဂိုးရရှိရေး မန်ယူတိုက်စစ်မှူးဟောင်း ဒီဂိုဖော်လန် ဦးဆောင်သော တိုက်စစ်မှူးများက တန်ပြန် ထိုးဖောက်ကစားရာ ဂိုးသွင်းခွင့် လေးကြိမ်ရရှိခဲ့သော်လည်း ဘာစီလိုနာ ဂိုးသမား ဗစ်တာဗယ်ဒတ်စ်က ကာကွယ်နိုင်ခဲ့သည်။ဘာစီလိုနာအတွက် နောက်ထပ်ဂိုးများကို ပွဲချိန် ၅၅မိနစ်၌ဂတ်ဂျွန်ဆင်၊ မိနစ် ၇၀ တွင် အီနေစတာနှင့် ၈၈မိနစ်တွင် ရော်နယ်ဒင်ဟိုတို့က ဆက်တိုက်သွင်းယူခဲ့သဖြင့် လေးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယားထိပ်ဆုံးတွင် ရောက်နေပြီး ဗီလာရီးရဲမှာ အဆင့်ကိုးနေရာ၌ ရှိနေသည်။



စပိန်လာလီဂါပွဲစဉ် (၁၂)အဖြစ် ဘာစီလိုနာနှင့် ဗီလာရီးရဲတို့ပွဲတွင် ဘာစီလိုနာမှ ဂူလီ (ယာ) နှင့် ဗီလာရီးရဲမှ ဆင်နာဒါစီဗာတို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

### အက်သလက်တီကိုနှင့် ရီးရဲဆိုစီဒက်

အက်သလက်တီကိုတို့ကံကောင်းစွာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဧည့်သည် ရီးရဲဆိုစီဒက်ကပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့မှုကြောင့် ပွဲချိန် ၂၄မိနစ်မှာပင် ရီးရဲဆိုစီဒက် တိုက်စစ်မှူး ဂါရီကော့ဇ်အူရန်ဂါက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

အက်သလက်တီကိုတို့ ချေပဂိုးသွင်းယူနိုင်ရေးအတွက် ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ဘဲရှိနေရာမှ ၇၇ မိနစ်တွင် ရီးရဲဆိုစီဒက်နောက်တန်းခံစစ်မှူး အင်ဆိုတေဂီ ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလိုဖြစ်ခဲ့ရာ ဂိုးပေးလိုက်ရသဖြင့် အက်သလက်တီကိုတို့ လက်ဆောင်ဂိုးဖြင့် သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲသရေကျခဲ့သဖြင့် အက်သလက်တီကိုသည် တန်းစီဇယား၌ အဆင့်ငါးနေရာတွင် ရှိနေပြီး ဗီလာရီးရဲမှာ အဆင့်၁၂နေရာ ရောက်နေသည်။

(အင်တာနက်)

## အေစီမီလန်တို့ နိုင်ပွဲရသည့် အီတလီစီးရီးအေ ဘောလုံးပွဲစဉ်(၁၂)

ရောမ နိုဝင်ဘာ ၂၆

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၂၅ ရက်က စတင်ကစားရာ အေစီမီလန်က မက်ဆီနာကို အနိုင်ရပြီး ချီယေဗိုကလည်း အူဒီးနိစ်ကို အနိုင်ရရှိခဲ့သည်။

### အေစီမီလန်နှင့်မက်ဆီနာ

ယခုနှစ်အိမ်ကွင်း အဝေးကွင်း ရလဒ်မကောင်းသည့်အပြင် အမှတ်အလျှော့ခံထားရသည့် အေစီမီလန်တို့ မက်ဆီနာကို အနိုင်ရအောင် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ အေစီမီလန် တိုက်စစ်မှူးများဖြစ်သည့် အင်ဇာဂီ၊ ဂီလာဒီနိုနှင့် ကွင်းလယ်မှပီယာလို၊ ကာကာတို့က မက်ဆီနာခံစစ်ကြောင်းကို အကြိမ်ကြိမ်ထိုးဖောက် ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၁၃ မိနစ်၌ နောက်ခံလူ မာဒီနီသွင်းယူသည့် တစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မက်ဆီနာတို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားရာ ကာပိုလို၊ လာဗီချီရာ၊ ဗီဇီ၊ အီလီရာနိုနှင့် နာပိုလီတို့ အဝါကတ်ပြခံခဲ့ရပြီး ချေပဂိုးလည်း မသွင်းနိုင်ခဲ့ချေ။ အေစီမီလန် ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယား အဆင့်၁၄ နေရာတွင် ရှိနေပြီး မက်ဆီနာမှာ အဆင့် ၁၀ ၌ ရှိနေသည်။

### ချီယေဗိုနှင့်အူဒီးနိစ်

ချီယေဗိုတို့ အိမ်ကွင်းပထမဆုံး နိုင်ပွဲပင်ဖြစ်သည်။ အူဒီးနိစ်တိုက်စစ်မှူးအယ်လ်ကွင်တာနှင့်အင်တိုနီရိုဒီနာတာလီတို့လည်း ချေပဂိုးတစ်ဂိုးမျှ ပြန်မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

### ပထမဆုံးနိုင်ပွဲ

ချီယေဗို၏ အဖွင့်ဂိုးကို ပွဲချိန် ၃၁ မိနစ်၌ တိုက်စစ်မှူး အိုဘင်နာက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကိုလည်း ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ပွဲချိန် ၇၂မိနစ်တွင် အိုဘင်နာ ကပင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ချီယေဗို နှစ်ဂိုးအနိုင် ရရှိမှုသည် အိမ်ကွင်း၊ အဝေးကွင်း ပထမဆုံးနိုင်ပွဲရခြင်းပင် ဖြစ်သည်။ ။

(အင်တာနက်)



စီးရီးအေပွဲစဉ်(၁၂)အဖြစ် အေစီမီလန်နှင့် မက်ဆီနာတို့ပွဲတွင် အေစီမီလန်မှ ကာကာ(ယာ)၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)




## ဆရာဝန်အသင်း ဆေးပညာစာပေးစာယူသင်တန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် CMEက ကြီးမှူး၍ အနယ်နယ် အရပ်ရပ်မှ အထွေထွေ ရောဂါကု ဆရာဝန်များအတွက် Diagnostic Medical Surgical Procedures 2006 စာပေးစာယူသင်တန်းကို နိုဝင်ဘာ ၂၅ ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃၀ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

စိတ်ပါဝင်စားသော ဆရာဝန်များသည် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်မြို့ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း- ၃၇၈၈၆၃၊၃၈၀၈၉၉၊ ၃၉၄၁၄၁ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းပြီး သင်တန်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရသည် ဒီဇင်ဘာ၁ရက်မှ ၇ရက်အထိ ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ရိပ်သာဝင်လိုသော ယောဂီများသည် နိုဝင်ဘာ ၃၀ရက်ညနေအရောက်လာကြရန်နှင့် ကြိုတင်စာရင်း ပေးသွင်းလိုပါက ရိပ်သာဖုန်း- ၀၅၂-၂၄၅၅၀၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင် (ပဲခူး) ဖုန်း-၀၅၂-၂၃၂၆၃၊ ၀၉-၅၃၀၁၅၃၇၊ ကိုကျော်ဆန်း (ရန်ကုန်) ဖုန်း-၀၉-၅၀၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**(က-ပ)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### ဖြတ်သန်းခများ သတ်မှတ်နှုန်းအတိုင်း ကောက်ခံစေချင်

**စာတည်းခင်ဗျား-**

ပဲခူးမြို့နယ် ကလိကျေးရွာ Toll-Gate မှ ယာဉ်ဖြတ်သန်းခကို စပါးတင်း ၁၀၀မှ တင်း ၁၅၀ ပါရှိသော ထော်လာဂျီတစ်စီးအား ငွေကျပ် ၇၀၀မှ ငွေကျပ်၈၀၀အထိ ကောက်ခံပါသည်။ ထိုToll-Gate တွင် ကောက်ခံမှုနှုန်းများကို ဆိုင်းဘုတ်ရေးထားခြင်းမရှိဘဲ ကောက်ခံနေပါ၍ သတ်မှတ်နှုန်းကို ဂိတ်တွင် တရားဝင်ကြေညာ ဖော်ပြ ထားပေးပါရန်နှင့် သတ်မှတ်နှုန်းအတိုင်း ကောက်ခံနိုင်ရေးအတွက် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**နှုန်းမှန်ပေးဆောင်ချင်သူ**

### ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် ၆၄လမ်းအတွင်းရှိ ရေနုတ်မြောင်းများသည် အမှိုက်များ၊ သဲများဖြင့် ပိတ်ဆို့နေပါသဖြင့် ရေစီးဆင်းမှု မရှိဘဲ ခြင်များပေါက်ပွားခြင်း၊ အနံ့ဆိုးများထွက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

### ပဲငံပြာရည်စက်ရုံမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းရှင့်-**

ရန်ကုန်တိုင်း သုဝဏ္ဏမြို့ ၂၉ တိုးချဲ့ရပ်ကွက် ကမ်းနားလမ်းရှိ ပဲငံပြာရည်စက်ရုံမှ မီးခိုးပြာမှုန့်များနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ၏ ကျန်းမာရေးကိုထိခိုက်လျက်ရှိပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်နေသူ**

### ဒစ်ဂျစ်တယ်ဖုန်း ငွေသွင်းထားသော်လည်းမရ

**စာတည်းခင်ဗျား-**

ပဲခူးတိုင်း ပြည်ခရိုင် ရွှေတောင်မြို့တွင် ဒစ်ဂျစ်တယ် တယ်လီဖုန်းများ သုံးလအတွင်း တပ်ဆင်ပေးမည်ဆို၍ ငွေငါးသိန်း တစ်သောင်းကို ၂၀၀၄ခု ဒီဇင်ဘာလက ဘဏ်၌ ပေးသွင်းထားသော်လည်း ယနေ့တိုင် တပ်ဆင်ပေးခြင်း မရှိသေးပါသဖြင့် ဒစ်ဂျစ်တယ်ဖုန်းများ တပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရွှေတောင်သား**

### တရားမဝင်ခါတ်ဆီ၊ ဒီဇယ်ဆီ သိုလှောင်ရောင်းချသူများ အရေးယူဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

အင်းစိန်မြို့နယ် နံ့သာကုန်း ရပ်ကွက်ရှိ(၀၀၇)စားသောက်ဆိုင်နှင့် ဖူးပြည့်စုံ အုတ်သဲကျောက် ရောင်းဝယ်ရေးဆိုင်ရှေ့ ပလက်ဖောင်းပေါ်၌ နိုဝင်ဘာ ၂၃ရက် မွန်းတည့် ၁၂နာရီခန့်တွင် တရားမဝင်ခါတ်ဆီ၊ ဒီဇယ်ဆီ ရောင်းချသူတစ်စုကြောင့် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ပါသည်။ သို့ရာတွင် အဆိုပါလူစုသည် မီးလောင်မှုဖြစ်ပွားပြီး နောက်တစ်ရက်မှစ၍ ယင်းနေရာအနီးတစ်ဝိုက်တွင်ပင် ခါတ်ဆီ၊ ဒီဇယ်ဆီများ တရားမဝင် ထပ်မံသိုလှောင်ရောင်းချနေပါသဖြင့် သက်ဆိုင်ရာမှ အရေးယူ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **နံ့သာကုန်းသား**

### ဝက်လက်ဈေးကအမှိုက်ပုံ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

ဝက်လက်မြို့ မြို့မ စည်ပင်သာယာဈေး မြောက်ဘက်တန်း အနီးရှိ အမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ဈေးသည်၊ ဈေးဝယ်များနှင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်လျက်ရှိရာ ၎င်းအမှိုက်ပုံအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ဝက်လက်သား**

### လေးထုသံကြား နားကမခံသာ

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(တောင်ပိုင်း)၁၉/က ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းမကြီးပေါ်ရှိ လေးလုပ်ငန်းမှ နေ့စဉ်နှင့်အမျှ အင်ဂျင်စက်သံ၊ လေး ထုသံ၊ ကျောက်စက်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသဖြင့် ၎င်းလုပ်ငန်းအား သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **တောင်ဒဂုံသား**

### ကွန်ပျူတာဂိမ်းသံဆူညံ

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၃၅ရပ်ကွက် ငွေပုလဲလမ်းရှိ အိမ်တစ်အိမ်တွင် ကွန်ပျူတာဂိမ်းကစားပွဲမှ မီးစက်သံများနှင့် ကျယ်လောင်စွာအော်ဟစ်ဆူညံသံတို့ကြောင့် ပတ်ဝန်းကျင်နေသူများ နားမခံသာအောင်ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ငွေပုလဲသား**

### ကညွတ်ကွင်း-မိဿလင်လမ်း ပြုပြင်ပြီးစီး

၆-၁၁-၂၀၀၆ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့အရှေ့ဘက်ရှိ ကညွတ်ကွင်း-မိဿလင်လမ်း ကျောက်ခင်းလမ်းပျက်စီးမှု ပေးစာနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်ပြီးကြောင်း ဖော်ပြပါသည်။ **(မြို့နယ်စည်ပင်သာယာ)**

### စစ်တွေ သာဘန်းလမ်းပြုပြင်ပြီးစီး

၂၅-၉-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **စစ်တွေမြို့ သာဘန်းလမ်းပျက်စီးမှု** ပေးစာနှင့်ပတ်သက်၍ ပြင်ဆင်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာ)**

### ဗီဒီယိုရုံမှ အသံချဲ့စက်သံ ကြပ်မတ်ဆောင်ရွက်ပြီး

၃-၇-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကဒက်ငယ်ဆိပ်ကျေးရွာရှိ ဗီဒီယိုရုံမှ အသံချဲ့စက်သံ နားမခံသာ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးကြောင်း ဖော်ပြပါသည်။ **(မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့)**

အမျိုးသား ကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော် (မြင်ဦးလွင်)

လူဦးရေ ၂၀၀၀၀ ကျော်ပါဝင်ဆင်နွှဲမည့် ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြပါ

National Landmarks Garden

Flower Festival

Music Festival

Event Master Co.,Ltd.

Phone 01 386479, 09 510 5298

E-mail: eventmaster.mas@gmail.com

Phone 02 66628

Alpha Computer

Phone 085 21440

Event Master Co.,Ltd.


## ကျေးဇူးတင်ရှိခြင်း

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့ ကျိုက်ထို ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်၏ အာစရိယပူဇော်ပွဲနှင့် (၂၅)နှစ်မြောက် ငွေရတုသဘင်ပွဲ အခမ်းအနားကို ၁၉-၁၁-၂၀၀၆ရက်တွင် ပြီးမြောက်အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ရာ အဘက်ဘက်မှ လှူဒါန်းခဲ့ကြသော ဆွမ်းအလှူရှင်များ ပွဲတော်ကြီးအောင်မြင်အောင် ဝိုင်းဝန်းလှူဒါန်းကြသော အလှူရှင်များ၊ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြသော လုပ်အားဒါန အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း။

**ဆရာတော် ဦးလာဘနှင့်**
**ကျင်းပရေးကော်မတီဝင်များ။**


စိတ်ထားကြံခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

အကြည်တော် မျိုးဝင်ခြင်း

အိန္ဒြေ

MYANMAR DRINKING WATER

ကြိုတင်ကာကွယ်တားဆီး အန္တရာယ်မီး

ဦးအောင်နိုင်

LCCI

TAPE CD

IRON CROSS

PTL STUDIO

Shell

K.W.K

စံပါယ်

ကုမ္ပဏီရုံးခန်းလိပ်စာ ပြောင်းရွှေ့ခြင်း


## မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို ယမန်နေ့နံနက်၉နာရီက ဘုရင့်နောင်ဈေးကြီးဝင်းအတွင်း ပြုလုပ်ရာ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အတွင်းရေးမှူး ဦးခင်မောင်လွင်နှင့်အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလှအေးတို့က အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရ ခြောက်ဘာသာဂုဏ်ထူးရသူတစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရသူ သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရသူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရသူတစ်ဦး ပေါင်း၁၄ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့်ဆုလက်မှတ်များကိုလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် အမှတ် ၅၂၉ အများဆုံးရရှိသူ၏ မိဘနှစ်ပါးအား ဈေးသာယာရေးအဖွဲ့မှ ပညာဥယျာဉ်မှူးဆုများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(က-ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ခြံအမှတ်၉၁ သုမင်္ဂလာအိမ်ရာ သုနန္ဒာလမ်း သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးကျား(တရားရုံးချုပ်ရှေ့နေ)-ဒေါ်အုန်းခင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး(၂) ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## မော်လမြိုင်အကျဉ်းထောင်၌ကျန်းမာရေးစစ်ဆေးပေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်နှင့်အဖွဲ့သည် နိုဝင်ဘာ၁၆ရက်တွင် မော်လမြိုင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၇၀တို့အား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**



## စဉ့်ကူးမြို့၌ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်း

စဉ့်ကူး နိုဝင်ဘာ ၁၇

စဉ့်ကူးမြို့ ဦးဗိုလ်ချုပ်–ဒေါ်ချောစုလှိုင်၊ သား မောင်ကျော်စည်သူဗိုလ်၊ မောင်ဟိန်းစည်သူဗိုလ်၊ သမီး မကေရီဗိုလ် (ကေရီရွှေဆိုင်) မိသားစုတို့၏ မွေးနေ့ ကထိန် အလှူတော်မင်္ဂလာ၊ ပစ္စည်းလေးပါးနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ၁၂ရက် နံနက်က စဉ့်ကူးမြို့ သာသနာ့ဗိမာန်တော်၌ကျင်းပရာ တောင်လေးလုံးကျောင်းတိုက်ဆရာတော်၊ ရွှေလှေ ဇောတိကာရုံကျောင်းတိုက် ဆရာတော်အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဇနီး ဒေါ်ချိုချိုစန်းနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် (ကေရီရွှေဆိုင်)ဦးဗိုလ်ချုပ်–ဒေါ်ချောစုလှိုင်မိသားစုတို့က အလှူငွေကျပ် သိန်း၅၀ကျော်တန်ဖိုးရှိ ကထိန်လျာသင်္ကန်းနှင့် ပစ္စည်းလေးပါးတို့ကို ရွှေလှေဇောတိကာရုံကျောင်းတိုက်ပဓာနနာယကဆရာတော်နှင့် သံဃာတော်အရှင်မြတ်တို့အား ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

**(မြို့နယ် ပြန်/ဆက်)**



**ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် မော်ကန် ၉လမ်းဈေး တစ်နှစ်ပတ်လုံး (သောကြာပတ်) ပိဏ္ဍပါတ်ဆွမ်း၊ ဆွမ်းဟင်းလောင်းအသင်းက သံဃာတော်အပါး ၅၀၀ ကျော်တို့အား သံဃာ့ဒါနအရဏ်ဆွမ်းများလောင်းလှူလျက်ရှိရာ နိုဝင်ဘာ ၂၄ရက်က ဈေးပိုင်ဆွမ်းလောင်းမဏ္ဍာရုံရှေ့တွင် ဈေးမိဈေးဖ ဆွမ်းလောင်းအသင်းမှ ဦးကြည်လွင် ဦးဆောင်သော ဈေးသူဈေးသားများနှင့် ရပ်ကွက်အလှူရှင်များက အရဏ်ဆွမ်းလောင်းလှူကြစဉ်။** (က–ပ)

## ပန်းတနော်မြို့နယ် အင်းမ–အင်းတကော–ခရေကန်ကျေးလက်လမ်းခင်း

ပန်းတနော် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် အင်းမ–အင်းတကော–ခရေကန် ကျေးလက်ကျောက်ချောလမ်း(အင်းမ–သရက်တောလမ်းအပိုင်း)အရှည်တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၀ပေ၊ ထုခြောက်လက်မကျောက်ချောခင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၃ရက် နံနက် ၈နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်ဇင်ဝေတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(အောက်ပုံ)** (၃၂၇)





**ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ် စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ အမှတ် (၁) ရပ် ကွက် တွင် ရေစီး ရေလာ ကောင်းမွန်စေရန် ရေနုတ် မြောင်းများ တူးဖော်မှုကို အောက်တိုဘာ ၂၀ ရက်က အမှုဆောင်အရာရှိဒုတိယဦးစီးမှူး ဦးတင်မောင်သိန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

## ရွှေတောင်မြို့နယ် ပြန်/ဆက်ရုံး စာကြည့်တိုက်သို့ ထာဝရငွေပဒေသာပင်စိုက်ထူ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်း

ရွှေတောင် နိုဝင်ဘာ ၂၀

ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စာပေနှင့်ယဉ်ကျေးမှုကော်မတီ၏ ကျေးရွာစာကြည့်တိုက်များအတွက် ပဉ္စမအကြိမ် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးစာကြည့်တိုက်သို့ ထာဝရငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ရက် နံနက်က စက်ရုံနယ်မြေဝန်ထမ်းရပ်ကွက် ပညာတံခွန်စာကြည့်တိုက်၌ကျင်းပရာ စက်ရုံမှူးဦးဇော်ဝင်းမောင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တန်ဖိုးငွေကျပ် ၁၃၉၀၀၀ရှိ စာအုပ်၊ စာစောင် ၈၈၉အုပ်နှင့် ကော်မတီမှ ငွေပဒေသာပင်စိုက်ထူငွေကျပ်တစ်သိန်းကို စက်ရုံမှူး ဦးဇော်ဝင်းမောင် **(အောက်ပုံ)**၊ မြို့နယ်ရုံးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေရတနာပန်း အထည်တိုက်ပိုင်ရှင် ဦးအောင်ကြည်–သုဓမ္မသီဂီ သီဟသုဓမ္မသီဂီ ဒေါ်ရင်ကြွေ မိသားစုက ငွေကျပ် ငါးသောင်းနှင့် ယွန်းတန်းရပ်ကွက် ပရိက္ခရာတန်းနေ စက်ရက်ကန်းနှင့် သူဌေးသမီးထီဆိုင်ပိုင်ရှင် ဦးမျိုးမြင့်စံ–ဒေါ်ခင်မိုးဝေ မိသားစုက ငွေကျပ် ငါးသောင်းတို့ကိုပေးအပ်ကြရာ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**(၁၃၆၈ခုနှစ် နတ်တော်လဆန်း ၈ရက်)**
**၂၈–၁၁–၂၀၀၆(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော်၊(မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်(သမိုင်းထဲက ရတနာသိဃ်နှင့် လက်တွေ့မြင်ကွင်း)[ညွှန့်ဟံ–ကြူတော]
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး ပေါင်းသင်းဆက်ဆံရေးပညာ (အတ္တကျော်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အတ္တအကျဉ်းသား)
၁၂း၄၅ ကဏ္ဍစုံစွာဆွေးနွေးစရာ [တိုက်ဖွိုက်(ခေါ်)အူရောင်ငန်းဖျားရောဂါအကြောင်း]
၁၃း၁၀ ပညာရေးအစီအစဉ် (သတ္တမတန်း–စာရိတ္တနှင့်လောကနီတိ) (ကြီးပွားတိုးတက်စေမည့် တရားခုနစ်ပါး)

**ညနေပိုင်း**

၁၆း၀၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) မေတ္တာတေးသံဝေ(စိမ်းအဖွဲ့)
(၂) သူနာပြုဆရာမ (ပန်းကောက်တေးအဖွဲ့)
(၃) တေးပွင့်သီရဲ့ တေးပွင့်သီ (တေးပွင့်သီအဖွဲ့)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အားကောင်းမောင်းသန်စေသည့် သတ္တုဓာတ်များ)(ထွန်းတင့်အောင်)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (စိတ်ချပါရစေ)
၁၉း၁၅ ကျန်းမာရေးနှင့်ဆေးပညာ (ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်)
၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲအစီအစဉ် (အလိုကြီးသူ၏ရလဒ်)
၂၀း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင့်သဇင်ညှာ (မောင်မောင်လတ်)
(၂) မေတ္တာရှင်တစ်ခက်ပန်း (ရီလေး)
(၃) ပန်းကမ္ဘာလေး ဖျက်ပြေးသွားတယ် (စိန်မောင်မြင့်)

## အမြို့မြို့ အနယ်နယ် သတင်းများ

## အသံမစဲ မဟာပဋ္ဌာန်း ဒေသနာတော်ရွတ်ဖတ် ထန်တလန်မြို့၌ စုပေါင်းဘုံကထိန်ပွဲကျင်းပ

ဖလမ်း နိုဝင်ဘာ ၂၀

ချင်းပြည်နယ် ထန်တလန်မြို့နယ် ဝန်ထမ်းပေါင်းစုံ ဘုံကထိန်အကြိုအဖြစ် ချင်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟားခါးမြို့ ခါရုံကျောင်းဆရာတော် ဦးပဏ္ဍဝနှင့် ထန်တလန်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော် ဦးပညာသာရတို့ဦးဆောင်သော သံဃာတော်အရှင်သူမြတ်တို့က အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၃ရက်အထိ ထန်တလန်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၌ အသံမစဲမဟာပဋ္ဌာန်း ဒေသနာတော်ရွတ်ဖတ်ကြသည်။

ပဋ္ဌာန်းပွဲနောက်ဆုံးရက်ဖြစ်သော နိုဝင်ဘာ ၃ရက်က ထန်တလန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှုဖြင့် ကထိန်အလှူရှင် မြို့နယ်တရားသူကြီး ဦးအောင်ကျော်ဦးနှင့်ဇနီးမိသားစု၊ ဝန်ထမ်းများနှင့်အလှူရှင်များ၏ စုပေါင်းကထိန် အလှူပဒေသာပင်များကို မြို့တော်ခန်းမတွင် ခင်းကျင်းပြီး နိုဝင်ဘာ၄ရက်က ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းသို့ ပို့ဆောင်ကာ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ငဝန်ရောလမ်းတစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)



## ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်များ စာပေဟောပြောပွဲကျင်းပရေး စည်းဝေးညှိနှိုင်း

ဖြူး နိုဝင်ဘာ ၈

ပဲခူးတိုင်း ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အမှုဆောင်ကော်မတီအစည်းအဝေးကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အဖွဲ့ရုံးခန်းမ၌ကျင်းပရာမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး (ဖြူး–မြင့်ဦး)နှင့် အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖွဲ့ဥက္ကဋ္ဌဦးမြင့်ဦးက အမှာစကားပြောကြားပြီး ဗဟို(ဌာနချုပ်)မှ ညွှန်ကြားချက်များ ဖတ်ကြားရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးသန်းနိုင် (တောင်ငူ–လူမော်)နှင့် ဦးကျော်ဆွေဝင်း(ကျော်ဆွေဝင်း–ရွှေအင်း)တို့က နှစ်စဉ်ကျင်းပခဲ့သော စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းသဘင် ကျင်းပရေးတို့ကို တင်ပြဆွေးနွေးကြသည်။

ထို့နောက်တက်ရောက်လာကြသော အမှုဆောင်ကော်မတီဝင်အားလုံးက နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးမှုဖြင့် ဒီဇင်ဘာလတွင် ကျင်းပရန် ဆုံးဖြတ်ကြသည်။ **(၂၈၄)**



ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ် ၁၇(စီ)နေ ဦးမျိုးအောင်-ဒေါ်ရွှေစင် မိသားစုတို့က ငွေကျပ်တစ်သိန်းနှစ်သောင်းကျော်တန် ရေအေးစက်တစ်လုံးကို နိုဝင်ဘာ ၁၈ရက်က သီရိမင်္ဂလာကမ္ဘာအေးစေတီသို့ လှူဒါန်းရာ ဂေါပက အလှည့်ကျသဘာပတိ ဦးစောကြိုင်၊ အဖွဲ့ဝင်ဦးခင်မောင်အေးနှင့် ဦးစိုးသိမ်းတို့ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## ငါးသိုင်းချောင်း(အထက) အာစရိယပူဇော်ပွဲ

**ငါးသိုင်းချောင်း နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ အထက၏(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ငါးသိုင်းချောင်း အထကခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅၊ ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ ဦးမျိုးမြင့် ဖုန်း-၆၂၉၅၆၃၊ ဦးစောလွင် ဖုန်း-၀၉ ၈၀-၂၃၁၅၀၊ ဦးခင်မောင်လှိုင် ဖုန်း- ၅၀၀၇၉၇၊ ဦးသောင်းထွန်း ဖုန်း-၇၀၅၀၅၆၊ ဦးခင်မောင်ထွေး ဖုန်း- ၀၉ ၂၀-၄၂၁၆၆ နှင့် မစုံ ပန်းဆိုးတန်းတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ခင်ပွန်း ဦးညီလေးအား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း အမှတ်(၁၂)နေ ဒေါ်တင်တင်၏(၈၁)နှစ်ပြည့်မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ဒေါ်တင်တင် မိသားစုနှင့်ညီမများက အလှူတော်ငွေကျပ် နှစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စန္ဒန(ဓမ္မာစရိယ)ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# စစ်တွေမြို့ အမေ့ရွာစာကြည့်တိုက်အဆောက်အအုံဆောက်ရန် ငွေလှူဒါန်း

**စစ်တွေ နိုဝင်ဘာ ၂၀**

စစ်တွေမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အဆောက်အအုံဆောက်ရန် အလှူငွေ၊ ရုပ်မြင်သံကြားပြစက်၊ စာအုပ်စာစောင်နှင့်သတင်းစာလှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်နံနက် ၉နာရီက စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

**လှူဒါန်း**



အခမ်းအနားတွင် သင်္ကေပြင်ရွာမ အမေ့ရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန် စာနယ်ဇင်း ကိုယ်စားလှယ် ဦးသိန်းမောင်က လှူဒါန်းငွေကျပ် နှစ်သိန်းကို စစ်တွေခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံဌေးက လည်းကောင်း၊ မကျည်းမြိုင်ပရိယတ္တိ အထောက်အကူပြု စာကြည့်တိုက်အတွက် စာနယ်ဇင်းကိုယ်စားလှယ် ဦးသိန်းမောင်ကလှူဒါန်းသော ၁၄လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံး **(ယာပုံ)**နှင့် စစ်တွေမြို့ လမ်းမကြီးစာအုပ် အရောင်းဆိုင်ပိုင်ရှင် ဒေါ်ငွေခင်က လှူဒါန်းသော ဂျာနယ်မျိုးစုံအုပ် ၅၀၀ ကို ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးငွေထွန်းက လည်းကောင်း၊ စစ်တွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာဗဂျီးကျော်ကလှူဒါန်းသော သတင်းစာစောင်ရေ ၂၀၀၀နှင့် စစ်တွေမြို့ ဝင်းဆေးဆိုင်ပိုင်ရှင် ဦးခင်မောင်ဝင်းက ကျေးတောကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် လှူဒါန်းသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ် ၆၀ကို ခရိုင်ဦးစီးအရာရှိ ဦးမောင်အေးထွန်းကလည်းကောင်း လက်ခံယူကြသည်။

**(ခရိုင် ပြန်/ဆက်)**



**ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့ အဝင်လမ်းဘေးဝဲယာတို့တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပန်းအလှပင်စိုက်ပျိုးခြင်းလုပ်ငန်းခွင်ကို အောက်တိုဘာ ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ခတို့ ကြည့်ရှုစစ်ဆေးစဉ်။** (၀၄၈)

## အိုင်အိုဒင်းဆားရောင်းချမှု ကြည့်ရှုစစ်ဆေး

**ရွှေကူ နိုဝင်ဘာ ၁၂**

ရွှေကူမြို့အတွင်းရှိ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော အိုင်အိုဒင်းဆားများ စားသုံးနိုင်ရန်အတွက် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချမှုကို နိုဝင်ဘာ ၈ ရက်က အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သည့် အဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ဈေးမိဈေးဖများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီး ရေးရာအဖွဲ့ဝင်များစုပေါင်း၍ ကြည့်ရှုစစ်ဆေးကြသည်။

**(မြို့နယ် စည်ပင်)**

# သီးနှံစပါး ပြည့်အင်အား တားဆီးကာကွယ် မီးအန္တရာယ်

## မြစ်ကြီးနားမြို့၌ ကတ္တရာလမ်းအဆင့်မြှင့်ခင်း

**မြစ်ကြီးနား နိုဝင်ဘာ ၅**

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်လမ်းများတွင် ချိုင့်ခွက်များ၊ လမ်းပေါက်များနှင့် လှိုင်းထခြင်းများမရှိစေရေးအတွက် လမ်းပေါက်ဖာခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ မြေလမ်းမှကတ္တရာလမ်း အဆင့်မြှင့်ရေးတို့ကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ရက်က ကျွန်းပင်သာရပ်ကွက် နယ်မြေ(၃)မြေသားလမ်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်း ဦးဆောင်ပြီး ကတ္တရာခင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(အပေါ်ယာပုံ) (မြို့နယ် စည်ပင်)**



## မန္တလေးတက္ကသိုလ် စိတ်ပညာဌာနမိသားစု အာစရိယပူဇော်ပွဲနှင့် ရွှေရတုပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မန္တလေးတက္ကသိုလ် စိတ်ပညာဌာန မိသားစု၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် စိတ်ပညာဌာန နှစ်(၅၀)ရွှေရတုအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်(စနေနေ့)နံနက် ၉နာရီတွင် မန္တလေးတက္ကသိုလ် စိတ်ပညာဌာန၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲနှင့် စိတ်ပညာဌာန နှစ်(၅၀)ရွှေရတုပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုပါက ဦးကျော်ကျော်(ရန်ကုန်) ဖုန်း-၀၉-၅၁၀ ၁၈၀၆၊ ၀၁-၂၂၆၀၀၉နှင့် ဦးခင်မောင်တင့်(မန္တလေး) ဖုန်း-၀၉-၂၀၀ ၃၆၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကျောက်ချောခင်း

**ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သော မန်မိုင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးဆန်းလှိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဆိုင်ကော်မိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)

## (၃၅)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်စုမှူးဇော်ထွန်း **(ဝဲပုံ)**သည် နိုဝင်ဘာ ၁၇ရက်က မန္တလေးမြို့ အမျိုးသားသွေးလှူဘဏ်သို့ (၃၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(က-ပ)**



## ကျောက်ပန်းတောင်း အထက(၁) စုပေါင်းဘုံကထိန်ပွဲ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၀**

ကျောက်ပန်းတောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ စုပေါင်းဘုံကထိန်ပွဲကို နိုဝင်ဘာ ၃ ရက်က ဘူတာရပ်ကွက်ရှိ သုဒ္ဓဝိပဿနာကျောင်းတိုက်တွင် ကျင်းပသည်။

**ငါးပါးသီလခံယူ**

ကထိန်အလှူပွဲအခမ်းအနားသို့ သုဒ္ဓဝိပဿနာကျောင်းတိုက် ပဓာနနာယက (မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်ဩဘာသ တောင်တန်းသာသနာပြုဆရာတော်ကြီးအမှူးပြုသော ပင့်သံဃာတော် ၂၅ပါးကြွရောက်တော်မူ၍ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန် ဦးဆောင်သော ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက နာယကဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြပြီး သံဃာတော်များ၏ မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် သုဒ္ဓဝိပဿနာကျောင်းတိုက်ဆရာတော်ကြီးနှင့် သံဃာတော်များအား ကထိန်သင်္ကန်းများနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(၀၆၁)**

# အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုညစာ တည်ခင်း

ရန်ကုန် နိုဝင်ဘာ ၂၆

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား ယမန်နေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (ယာပုံ)



### တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့် ဆေးရုံကြီးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဆေးရုံအုပ်ကြီးများ၊ မြန်မာ့တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ တာဝန်ရှိသူများ၊ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါးစစ်ဆေးရေး ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၊ မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာသုံးဆောင်နေစဉ်အတွင်း အေဝမ်းစိုးမြင့် တေးဂီတအဖွဲ့က တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

## ရော်ဘာပြားထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် ရှဒေါင်ကျေးရွာ အောင်မြေရော်ဘာခြံအတွင်း၌ ခရမ့် (Crumb) ရော်ဘာကြိတ်စက်ရုံတွင် ရော်ဘာပြားများထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# ဖောက်လုပ်ပြီး ခရိုင်ချင်းဆက်လမ်းနှင့် တစ်ကြောင်းထိုးလမ်းပိုင်းများ တစ်နှစ်ပတ်လုံးသွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္កဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ၂၃ရက် နံနက်ပိုင်းတွင် မြစ်ကြီးနား–အကျဲ၊ အကျဲ–ဆင်ဘို လမ်းဆုံသို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှတ်(၃) ခရိုင်ချင်းဆက် လမ်းမကြီး(မြစ်ကြီးနား–အကျဲ–ဆင်ဘို–ပိန်းခွန်ယန်–မြို့လှအပိုင်း) လမ်းပြမြေပုံဖြင့် တစ်ကြောင်းထိုး လမ်းဖောက်လုပ်ပြီးစီးသည့် လမ်းပိုင်းများအခြေအနေကို ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမကြီး၏ မြစ်ကြီးနား–အကျဲ–ဆင်ဘို လမ်းပိုင်း လမ်းအူကြောင်း ရွေးချယ်ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။ ***စာမျက်နှာ ၉ ကော်လံ ၅*** ❐

## မိုးလေဝသအခြေအနေ

၂၇–၁၁–၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး